## မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၉ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာ ဆင်သော် တောက်ပ၏။ ဖြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံထူးချွန်ထက်မြက်သည့်လူကောင်း လူတော်များဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများ

**စာမျက်နှာ ၆ ကော်လံ ၁ ❍**

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**

စာ - ၃ သို့

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၁၈**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ★**




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၉ ရက်)

# စက်သုံးဆီအဆင်ပြေလွယ်ကူစွာအသုံးပြုနိုင်ရေး

ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများကိုအကြောင်းပြု၍ စွမ်းအင်လောင်စာဆီအခက်အခဲများဖြစ်ပေါ်လာနိုင်သည်ကို နိုင်ငံတော်အစိုးရကကြိုတင်သိရှိထားသည်။ အဆိုပါပဋိပက္ခသည် အချိန်ကာလအတိုင်းအတာတစ်ခုအထိ ကြာရှည်ဦးမည်ဟုခန့်မှန်းရသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်ရှိပြီးသားအရန်စက်သုံးဆီ၊ ထပ်မံရရှိလာဦးမည့် စက်သုံးဆီများကို ခြိုးခြံချွေတာ၍ စနစ်တကျသုံးစွဲခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေးစီမံဆောင်ရွက်လျက်ရှိသည်။

စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် စက်သုံးဆီအမှန်တကယ်လိုအပ်သူများအဆင်ပြေချောမွေ့စွာဝယ်ယူရရှိနိုင်စေရန်ရည်ရွယ်၍ မတ်လ ၁၂ ရက်မှစတင်ကာ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့်တောင်ကြီးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မော်တော်ယာဉ်များအတွက် Wheel Tax တွင်ပါရှိသည့် Barcode နှင့် မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါအချက်အလက်များကို အသုံးပြု၍ QR Code ထုတ်ပေးပြီး Application ဖြင့်စစ်ဆေးသည့်နည်းလမ်းကို အသုံးပြုဆောင်ရွက်လျက်ရှိသည်။ ပိုမို၍အဆင်ပြေကောင်းမွန်လာစေရန် Application Software နည်းပညာပိုင်းဆိုင်ရာမြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိသည်။

စက်သုံးဆီ ပြတ်လပ်မှုမရှိစေရန်နှင့် စက်သုံးဆီအမှန်တကယ်လိုအပ်သူများအဆင်ပြေချောမွေ့စွာဝယ်ယူအသုံးပြုနိုင်စေရန်ရည်ရွယ်ပြီး"စုံရက်"၊ "မရက်"၊ "စုံနံပါတ်"၊ "မနံပါတ်"စနစ်ကိုကျင့်သုံး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ၊ အငှားယာဉ်များ (Taxi)၊ စက်သုံးဆီသယ်ယူပို့ဆောင်သည့်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ လူနာတင်ယာဉ်/နိဗ္ဗာန်ယာဉ်များနှင့် စည်ပင်အမှိုက်သိမ်းယာဉ်များ နေ့စဉ်အသုံးပြုနိုင်သည်။

ထို့ပြင် စက်သုံးဆီအရောင်းဆိုင်များတွင် တစ်ရက်လျှင် နှစ်ကြိမ်၊ သုံးကြိမ်တန်းစီဝယ်ယူမှုများလျော့နည်းပပျောက်စေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များ၌ Application အသုံးပြု၍ စိစစ်ရောင်းချပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ရိုးရှင်းလွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များအနေဖြင့် Application အသုံးပြုရန်နှင့် မှတ်ပုံတင်ခြင်းပြုလုပ်ရန် လုံးဝမလိုအပ်ဘဲ အရောင်းဆိုင်အခြေပြုစိစစ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်များအနေဖြင့် စက်သုံးဆီဝယ်ယူသည့်အခါတိုင်း ၎င်း၏ QR Code ကို အရောင်းဆိုင်ဝန်ထမ်းသို့ ပြသဝယ်ယူနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ်များတွင်စိစစ်သကဲ့သို့ တစ်ရက်အတွင်း နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် ဝယ်ယူမှုမရှိစေရေး အလိုအလျောက်စစ်ဆေးရောင်းချပေးလျက်ရှိသည်။ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် စက်သုံးဆီစိစစ်ရောင်းချရာတွင် နိုင်ငံတော်မှထုတ်ပြန်ထားသည့်မူဝါဒများနှင့်အညီ ယာဉ်အသုံးပြုခွင့် ခွင့်ပြုထားသည့်ရက်အလိုက် စက်သုံးဆီရောင်းချနိုင်ရေးကို တစ်ပါတည်းစစ်ဆေးမည်ဖြစ်၍ မိမိအသုံးပြုခွင့်ရှိသည့်ရက်များအတွက်သာ ဝယ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း အသိပေးထားသည်။

ယခုအခါ ပြည်သူများ၏ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုများကြောင့် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှုများလျော့ကျသွားပြီး ပုံမှန်အတိုင်းဖြန့်ဖြူးရောင်းချသည့်အခြေအနေသို့ ရောက်ရှိသွားပြီဖြစ်သည်။ သို့ဖြစ်ရာ စက်သုံးဆီရောင်းချပေးသည့် ယာဉ်အမျိုးအစားနှင့်ယာဉ်နံပါတ်၊ ဆီအမျိုးအစားနှင့် ပမာဏ၊ ရောင်းချပေးသည့်ဈေးနှုန်း စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိသောကြောင့် စက်သုံးဆီဖူလုံမှုရှိစေရေး အထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်အတွင်း စက်သုံးဆီသိုလှောင်ထားမှုအနေဖြင့် ဓာတ်ဆီအုပ်စုတွင်ရက် ၄၀၊ ဒီဇယ်အုပ်စုတွင်ရက် ၅၀ အတွက်သိုလှောင်ထားရှိပြီး သီလဝါတွင် ဆီချရန်ရောက်ရှိနေသည့် ဆီတင်သင်္ဘောသုံးစင်း၊ Pilot တွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘောနှစ်စင်း၊ လမ်းခရီးတွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘောသုံးစင်း၊ ဆီတင်ရန်စောင့်ဆိုင်းနေသည့် ဆီတင်သင်္ဘော ၁၂ စင်း စုစုပေါင်းဆီတင်သင်္ဘောအစင်း ၂၀ ရှိသည်။ ထို့ပြင် မတ်လအတွင်း စက်သုံးဆီသင်္ဘော ၁၉ စင်း ထပ်မံတင်သွင်းရန်လည်း စီမံထားရှိပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တွင်စက်သုံးဆီသိုလှောင်ထားမှုပမာဏထပ်မံမြင့်တက်လာမည်ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို ပြည်သူများအားလုံးညီတူညီမျှလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အစဉ်တစိုက်စီမံဆောင်ရွက်လျက်ရှိရာ ပြည်သူများကသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။




# ပန်းတောင်းမြို့နယ်၌ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပန်းတောင်း မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိတောင်သူများသည် ကုလားပဲ၊ မြေပဲ၊ မတ်ပဲတို့နှင့်အတူ ဆောင်းနေကြာကို သီးညှပ်စိုက်ပျိုးကြသည့်အပြင် သီးသန့်လည်း စိုက်ပျိုးလျက်ရှိရာ မြို့နယ်အတွင်း ဆောင်းနေကြာ ၈၉၉ ဧက စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နေကြာစိုက်ပျိုးမှုအနေဖြင့် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုးကြကာ မျိုးအနေဖြင့် ဆင်းရွှေကြာ-၂ မျိုးကို အများဆုံးစိုက်ပျိုးကြပြီး သုံးလအကြာတွင် ရိတ်သိမ်းရကြောင်း၊ သီးညှပ်စိုက်ပျိုးရာတွင် ကြဲပက်၍လည်းကောင်း၊ အတန်းစိုက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ နေကြာစိုက်တောင်သူများအနေဖြင့် နေကြာမျိုးကို ယခင်နှစ်ဆင်းရွှေကြာ-၂ နေကြာမျိုးသန့်စိုက်ခင်းမှထွက်ရှိသော နေကြာမျိုးစေ့များကိုသိုလှောင်၍ ပြန်လည်စိုက်ပျိုးကြသကဲ့သို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏အစီအစဉ်ဖြင့် ဖြန့်ဝေပေးခြင်းမှရရှိ၍လည်း စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးဖိုး၊ စိုက်ခ၊ မြေပြင်ခ၊ လုပ်သားခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် တစ်ဧကလျှင် စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၆၅၀၀၀၀ ခန့်ကုန်ကျကြောင်း နေကြာစိုက်ပျိုးသောတောင်သူတစ်ဦးက ပြောသည်။ ယခုအခါတွင် ပန်းတောင်းမြို့နယ်၌ ဆီထွက်သီးနှံဖြစ်သော နေကြာသီးနှံစိုက်ခင်းများသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

ရွှန်းမြသာယာလှသော လရောင်ရိပ်ဝယ် အတန်ကြာအောင်ရပ်နေခဲ့ပြီးမှ ညီလင်းသည် ထိုစံပယ်ပင်လေးကို ကိုင်းဖြတ်ကာစိုက်ပျိုးခဲ့လေသည်။ ဘေးဘက်တွင် ဝါးခြမ်းပြားလေးများကာရံပြီး "အမှတ်တရပေါ့ ကိုကိုရာ"ဟု တုန်ယင်သောအသံဖြင့်ပြောခဲ့လေသည်။

'ကိုကို ပုသိမ်သွားရရင်တော့ မမ သက်ဆွေးပြီ'

'မဆွေးပါဘူး လိုက်မှာပေါ့'

'ချက်ချင်းလား'

'ချက်ချင်းတော့ ဘယ်ဟုတ်မှာလဲ၊ ဖြည်းဖြည်းပေါ့'

'ညီလင်းရာ ငါတို့က လူချင်းဝေးချင်သာ ဝေးမယ်၊ နှလုံးသားချင်းက နီးတယ်ကွ'

'နီးကြပါဗျာ နီးကြပါ'

ညီလင်းက နှုတ်ခမ်းလေးကိုမဲ့ကာ ပြုံးရင်း သူတို့ကို ရေဖြင့်လှမ်းပက်သည်။ ထို့နောက် ခြေလှမ်းကျဲကြီးဖြင့် ပြန်ထွက်သွားလေသည်။

ရေစက်ရေပေါက်လေးများ တင်ကျန်ရစ်သော သစ်ရွက်လေးများသည် မြမြစိမ်းနေသည်။ သက်သက်က သီချင်းလေးတစ်ပုဒ်ကို တိုးတိုးလေးညည်းနေမိစဉ် ကျော်ထွန်းညိုသည် ပန်းသီ၍ပြီးစီးသွားသည်။ မွှေးပျံ့သင်းကြိုင်နေသော စံပယ်ကုံးကို အသာရှိုက်နမ်းလိုက်ပြီးမှ သက်သက်၏တစ်ပတ်လျှိုဆံထုံးတွင် ရစ်ခွေပြီး ပန်ဆင်ပေးလိုက်လေသည်။

■ ■ ■ ■ ■

၁၉-၁၀-၇၀

ကိုကိုရေ

နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ ထမင်းဆိုင်မှာ စားနေရတယ်ဆိုတော့ ဘယ်စားကောင်းမှာလဲနော်၊ ကိုကို ပိန်သွားမလား မသိဘူး၊ သက်လေ ကိုကို့ကို သတိရပါတယ်၊ အမြဲတမ်းသတိရနေတယ်လို့တော့ မညာချင်ဘူး၊ သက်ရဲ့ လူနာတွေကို ပြုစုနေရတဲ့အချိန်မှာတော့ ကိုကို့ကို သတိမရဘူး။

အခုလေ သက်မှာ သားတွေ၊ သမီးတွေ အများကြီးပဲ၊ ဆေးရုံက ကလေးတွေပေါ့၊ သိပ်ချစ်ဖို့၊ သိပ်သနားဖို့ကောင်းတယ်၊ သူတို့ကို သက်နာမည်အမျိုးမျိုးပေးထားတယ်၊ မျက်နှာဝိုင်းဝိုင်းလေးနဲ့ ချာတိတ်လေးက ဖိုးလမင်းတဲ့၊ တစ်ယောက်ကတော့ ပဲလှော်ကြိုက်လွန်းလို့ ပဲလှော်လို့ ခေါ်တယ် ကိုကိုရဲ့၊ ဆေးထိုးတိုင်းငိုတဲ့ ကလေးကိုတော့ ထိုးငိုတဲ့၊ နောက်ပြီး ကိုကိုရယ် ဆရာတွေလာတိုင်း ဖောင်တိန်မင်နဲ့ သူ့မျက်နှာမှာ နှုတ်ခမ်းမွေးဆွဲခိုင်းတဲ့ ကလေးတစ်ယောက်ရှိသေးတယ်၊ သူ့နာမည်ကတော့ ဝင်းဦးလေ။

၁၅-၁၁-၇၀

ဗျို့ ကိုကိုကြီး

မာညိုတို့ဆီတော့ စာမရေးဘူး၊ မိသက်ဆီကိုတော့ စာနှစ်စောင်ရှိပြီ မတရားဘူး၊ အင်းလေ ဘယ်တူပါ့မလဲ၊ ၅၂၈ နဲ့ ၁၅၀၀ ကြားမှာ ၉၇၂ တောင် ကွာနေသေးတာပဲ။

ကိုကို ကျောင်းကစောစောထွက်သွားရတာ နာတာပဲ၊ အခု ရန်ကုန်မှာ တက္ကသိုလ် နှစ် ၅၀ ပွဲအတွက် ပြင်ကြဆင်ကြနဲ့ အလုပ်ရှုပ်နေကြတယ်၊ တက္ကသိုလ်တိုင်း၊ ဌာနတိုင်းက မုန့်ရောင်းမယ်လေ၊ နောက်ပြီး ကပွဲတွေရှိသေးတယ်၊ အငြိမ့်လည်း ပါတယ်၊ မာညိုတို့ကျောင်းက အငြိမ့်ပါတယ်၊ နောက်ပြီး ထီးယိမ်းကမယ်လေ။

အခုလေ နှစ် ၅၀ ပြည့်အထိမ်းအမှတ် ပို့စကတ်တွေထုတ်မယ်ကိုကို၊ မာညိုတို့ဌာနကဆွဲရတာပေါ့၊ ပုံနှိပ်ပြီးရင် ပို့လိုက်မယ်နော်၊ နောက်ပြီး အထိမ်းအမှတ်မုန့်ဝတွေလည်း ဆောက်ဦးမယ်၊ အဲဒါက ပြိုင်ပွဲဝင်ရမယ်လေ။

၂၀-၁၁-၇၀

ကိုကို

ပုသိမ်သူတွေ ချောရဲ့လားဟင်၊ ကျွန်တော့်အတွက် ချောချောလှလှ တစ်ယောက်လောက် ရှာပေးစမ်းပါကိုကို ရှာ၊ ဘာလိုလိုနဲ့ ရှေ့နှစ်ဆို ကျွန်တော်လည်းဘွဲ့ရပြီ၊ ကွာလီဖိုင်းဖြစ်ရင်တော့ အမ်အက်စီဆက်တက်ရမှာပေါ့၊ ဒါမှမဟုတ်လည်း ဘီအက်စီပဲပေါ့ဗျာ။

နွေသူရိန်ကတော့ အိုတီအက်စ် တက်မယ်ပြောနေတယ်၊ အဲဒါကြားတော့ မမက ဘာပြောတယ်အောက်မေ့လဲ၊ 'ဒီပိန်ခြောက်ခြောက် ညောင်နာနာကောင်လေးက စစ်ထဲဝင်ဖို့နေနေသာသာ သစ်ပင်တောင် ငါ့လောက်တက်နိုင်လို့လား' တဲ့လေ၊ ကိုတင်ထွန်းမောင်ကတော့ ရရာအလုပ်ဝင်လုပ်မှာပဲတဲ့။

ကျွန်တော်လည်း စိတ်လေတယ် ကိုကိုရယ်၊ သူနဲ့လည်း တစ်ခါတွေ့သေးတယ်။

■ ■ ■ ■ ■

ညီလင်းသည် စုလှိုင်ကို ရှစ်မိုင်ပျော်ပွဲစားရုံ၌ တစ်ခါထပ်၍တွေ့လေသည်။ ညီလင်းက တစ်ယောက်တည်းဖြစ်သော်လည်း စုလှိုင်သည် အဖော်တစ်ယောက်ပါသည်။

တစ်ယောက်တည်း ပုလင်းထောင်နေသောညီလင်းကို စုလှိုင်က သတိထားမိပုံမရချေ။ သူ့အဖော်၏လက်မောင်းကိုဆုပ်ကိုင်ကာ ဘေးဘက်မှကျော်ဖြတ်သွားသည်။

ညီလင်းကလည်း စုလှိုင်ကို မမှတ်မိချေ။ သူ့ဘေးမှကျော်ဖြတ်သွားသောစုလှိုင်ကို မြင်သော်လည်း စုလှိုင်အစစ်ဟုမထင်။ စိတ်စွဲလမ်းမှုကြောင့် အမြင်တွေမှား ဝေဝါးခြင်းဟုသာယူဆသည်။ အနီရောင်အင်္ကျီနှင့်လုံချည်ကို ဆင်တူဝတ်ထားသော စုလှိုင်သည် မီးတောက်မီးလျှံလေးလို ရဲရဲတောက်နေလေသည်။ ညီလင်းညိုသည် အရက်ဖန်ခွက်လေးကို တင်းတင်းဆုပ်ကိုင်ရင်း မီးလျှံလေးကိုငေးစိုက်ပြီး ကြည့်နေမိသည်။ တဟုန်းဟုန်းတောက်နေသောမီးလျှံလေးသည် ယိမ်းနွဲ့လှုပ်ရှားနေသည်ဟုထင်နေသည်။ ဆိုင်တွင်းရှိ ယောကျ်ားသားအကုန်လုံးသည် ကြော့ကြော့လေးလျှောက်သွားသော စုလှိုင်မိန်းမချောလေးကို စိုက်ငေး၍ကြည့်နေကြသည်။ သို့သော်လည်း စုလှိုင်သည် မည်သူ့ကိုမျှ အရေးမစိုက်ချေ။ ထိုသို့သောအကြည့်မျိုးသည် သူ့အတွက်ရိုးလှချေပြီ။

**"ညီလင်းကလည်း စုလှိုင်ကို မမှတ်မိချေ။ သူ့ဘေးမှကျော်ဖြတ်သွားသော စုလှိုင်ကိုမြင်သော်လည်း စုလှိုင်အစစ်ဟုမထင်။ စိတ်စွဲလမ်းမှုကြောင့် အမြင်တွေမှား ဝေဝါးခြင်းဟုသာယူဆသည်။ အနီရောင်အင်္ကျီနှင့်လုံချည်ကို ဆင်တူဝတ်ထားသောစုလှိုင်သည် မီးတောက်မီးလျှံလေးလို ရဲရဲတောက်နေလေသည်။ ညီလင်းညိုသည် အရက်ဖန်ခွက်လေးကို တင်းတင်းဆုပ်ကိုင်ရင်း မီးလျှံလေးကိုငေးစိုက်ပြီးကြည့်နေမိသည်။ တဟုန်းဟုန်းတောက်နေသောမီးလျှံလေးသည် ယိမ်းနွဲ့လှုပ်ရှားနေသည်ဟုထင်နေသည်။ ဆိုင်တွင်းရှိ ယောကျ်ားသားအကုန်လုံးသည် ကြော့ကြော့လေးလျှောက်သွားသော စုလှိုင်မိန်းမချောလေးကို စိုက်ငေး၍ကြည့်နေကြသည်။ သို့သော်လည်း စုလှိုင်သည် မည်သူ့ကိုမျှ အရေးမစိုက်ချေ။ ထိုသို့သောအကြည့်မျိုးသည် သူ့အတွက် ရိုးလှချေပြီ..."**

ခန်းဆီးလေးကာထားသော သီးသန့်အခန်းလေးထဲသို့ဝင်မည်ပြုစဉ် စုလှိုင်သည် နောက်ဘက်သို့ အမှတ်မဲ့လှည့်ကြည့်သည်။ ထိုစဉ်တွင် ညီလင်းညိုနှင့်အကြည့်ချင်းဆုံလေသည်။

'ဟင် ညီလင်းညို'

ညီလင်းသည် သူ့ကိုယ်သူ မူးနေသည်ဟုထင်နေသော်လည်း သူ့အမည်ကို ရေရွတ်လိုက်သော စုလှိုင်၏အသံကို မှတ်မိသည်။ မီးလျှံနီရဲရဲလေးက သူ့ဘက်သို့ ရွေ့လျားလာသောအခါတွင်ကား အမြင်တွေမှားခြင်းမဟုတ်ကြောင်း သေချာသွားသည်။ စုလှိုင်အစစ်ဖြစ်ကြောင်း သိသောအခါ အရက်မူးသည်ထက် ပိုပြီးရီဝေမူးယိမ်းလာလေသည်။

'ညီလင်းညို အရက်သောက်နေသလား'

'ဟုတ်ကဲ့'

'တစ်ယောက်တည်းလား'

'ဟုတ်ကဲ့'

'ဒီစားပွဲမှာ စုထိုင်မယ်'

'ဟုတ်ကဲ့'

စုလှိုင်သည် ညီလင်း၏ရှေ့တွင် ဝင်၍ထိုင်သည်။ သီးသန့်အခန်းလေးထဲသို့ဝင်မည်ပြုသော အမျိုးသားသည် ပြန်လှည့်ပြီး သူတို့ဘေးသို့ရောက်လာလေသည်။ ညီလင်းညိုသည် သတိအနေအထားဖြင့် ခပ်တောင့်တောင့်ထိုင်ပြီး အရက်ဖန်ခွက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ ပလုံစီထနေသော ဦးနှောက်တို့က 'မမူးနဲ့ မရမ်းနဲ့၊ တွေ့ကရာမပြောနဲ့' ဟု သူ့ကိုလှမ်းပြီးပြောနေကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကျောင်းသား ကျောင်းသူများ ပန်းချီပညာကို အခြေခံမှစ၍ တတ်မြောက်စေရန် ပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မတ်လ ၁၇ ရက်က နွေရာသီအခြေခံ ပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက ကျောင်းသား၊ ကျောင်းသူများ ကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ပန်းချီပညာကို အခြေခံမှစ၍ စနစ်တကျတတ်မြောက်စေရန် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာဦးဝင်းနွယ် (ဝင်းနွယ်ပုသိမ်) က သင်ကြားပေးမည့် သင်ခန်းစာများနှင့် သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါပန်းချီသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၉ ဦး တက်ရောက်ကြပြီး မတ်လ ၁၆ ရက်မှစ၍ တစ်ပတ်လျှင် ငါးရက်ဖြင့် သင်တန်းကာလနှစ်ပတ်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။

အခမ်းအနားအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို သင်တန်းသား၊ သင်တန်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

## မိုးနဲမြို့နယ်၌ နွေရာသီ အဆို အက အရေး အတီး သင်တန်းဆင်းပွဲကျင်းပ

မိုးနဲ မတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ပညာရေးဌာန၏ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နွေရာသီ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဆင်းပွဲကို မတ်လ ၁၇ ရက်က မြို့မအခြေခံပညာ အလယ်တန်းကျောင်း အင်ကြင်းဆောင်ခန်းမ၌ကျင်းပရာ သင်တန်းသား၊ သင်တန်းသူများက လူချွန်လူကောင်းတေးသီချင်း သီဆို၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး ဒေါ်နီလာ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုဆုနှင့် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။



ထို့နောက် သင်တန်းသူများက ကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါသင်တန်းကို နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် မျိုးဆက်သစ်လူငယ်များ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မြန်မာ-ထိုင်းနှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်ညွှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပူးတွဲစစ်ဦးစီးချုပ် General Chitchanok Nujjaya နှင့် ထိုင်းဘုရင့်တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ရှည်ကြာပြီးကောင်းမွန်သည့် သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုများမရှိစေရေးနှင့် မူးယစ်ဆေးဝါးများတားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုများကိုလျှော့ချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တပ်မတော်နှစ်ရပ်အကြားလေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများအား ထိထိရောက်ရောက်ဟန့်တားရှင်းလင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(HLC) ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ၊ သန့်ရှင်းသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာဖြင့်ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယခုအခါလွှတ်တော်အစည်းအဝေးများ ကျင်းပပြုလုပ်လျက်ရှိမှုအခြေအနေများ၊ ထိုင်းနိုင်ငံတွင်လည်း မကြာမီကာလအတွင်းက ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ပြီး ယခုအခါ လွှတ်တော်ကျင်းပလျက်ရှိမှုအခြေအနေများ၊ မြန်မာ-ထိုင်းနှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်)ကို ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် မွန်ပြည်နယ်ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကို ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်စဉ် ဒုတိယဝန်ကြီးက ပြတိုက်လုပ်ငန်းနှင့်ပတ်သက်၍ ယခင်က Collection Centered Period (ပြသပစ္စည်းများစုဆောင်းမှုကို အဓိကထားသောခေတ်)၊ ယင်းနောက် Conservation Centered Period (ပြသပစ္စည်းများအားနည်းပညာဖြင့်ထိန်းသိမ်းမှုကို အဓိကထားသောခေတ်)၊ ထိုမှတစ်ဖန် Visitor Centered Period (ဧည့်သည်များအား ဝန်ဆောင်မှုပေးခြင်းကို အဓိကထားသောခေတ်)၊ ယခုအခါ Digital Age သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ပြတိုက်များနှင့်ပတ်သက်၍ ယနေ့ခေတ် အာဆီယံနိုင်ငံများမှချမှတ်သည့်ပန်းတိုင်မှာ Creative Economy (တီထွင်ဖန်တီးတတ်သော စီးပွားရေး) ဖြစ်ပြီး Public နှင့်ဆက်စပ်သော ရိုးရာလုပ်ငန်းများ၊ အတတ်ပညာ စသည့်လုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းများ၊ Tourism အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ၎င်းတို့၏အကျိုးစီးပွားကို အကျိုးပြုပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

စာကြည့်တိုက်လုပ်ငန်းနှင့်ပတ်သက်၍မွန်လူမျိုးတို့၏သမိုင်းကြောင်း၊ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်ပတ်သက်သည့် စာအုပ်စာပေများဝယ်ယူစုဆောင်းရန်၊ ကလေးသူငယ်များဖိတ်ခေါ်၍ စာပေဗဟုသုတများမျှဝေပေးရန်၊ အောင်မြင်သောပြတိုက်နှင့် စာကြည့်တိုက်ဖြစ်စေရန်အတွက် လူစည်ကားနေရန်လိုအပ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အဖြစ် သတ်မှတ်ထားသော ကျိုက်မရောမြို့နယ်ရှိခရုံဂူနှင့်ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ထားသည့်ပထမနှစ်ခြင်းအသင်းတော်၏ မူလလက်ရာမပျက်ထိန်းသိမ်းရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် ပြခန်းများအား ကြည့်ရှုစစ်ဆေးရာ ပြတိုက်တာဝန်ခံက ပြတိုက်အတွင်း ခင်းကျင်းထားရှိမှုနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက ပြသပစ္စည်းများအား ခင်းကျင်းပြသမှုအပိုင်းတွင် ပြသပစ္စည်းနှင့်ကိုက်ညီသည့်ပစ္စည်းများကိုယှဉ်တွဲပြသရန်၊ ဘတ်ဂျက်အနေအထားပေါ်မူတည်၍ ပြခန်းပြကွက်များရှိ တကွဲတပြားဖြစ်နေသော အောက်ခံအရောင်များကို တစ်ပြေးညီဖြစ်စေသည့်အရောင်များ၊ ပိတ်သားစများဖြင့် လဲလှယ်ခင်းကျင်းရန်၊ အများပြည်သူ ပိုမိုစိတ်ဝင်စားရန်အတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

○ **ရှေ့ဖုံးမှအဆက်**

အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့်ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

မွန်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား မွန်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ပါသည်။

ထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအပါအဝင် ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင်ကျိုက်သလွံစေတီတော်မြတ်ကြီး၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား စသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများစွာတို့ဖြင့် သာသနာ့ဂုဏ်ရောင်ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရာ နေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာ

အနက်ထား တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကကျပြီး အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရောင်းချခဲ့ကြပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်

**❖ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာ ပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုက်အဝန်းထွန်းကားရေးအတွက် ပညာရေး နှင့်ပတ်သက်၍ KG+9 အထိ မသင်မနေရ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိ . . .**

မွန်ပြည်နယ်သည် မြန်မာနိုင်ငံအောက်ပိုင်း ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကြားတွင် တည်ရှိပါသည်။ မွန်တိုင်းရင်းသားများ၏ ရှေးအမည်မှာ မွန်ဘာသာဖြင့် **"ရမန်"** ဖြစ်ပြီး အဆင့်ဆင့်ပြောင်းလဲရာမှ "မွန်" ဟု ခေါ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရပါသည်။ မွန်လူမျိုးများ စတင်နေထိုင်ခဲ့ရာ **"ရာမည"** ဒေသဆိုသည်မှာ ပျော်မွေ့ဖွယ်ကောင်းသောအရပ်ဒေသဟု အဓိပ္ပာယ်ရပါသည်။ ရှေးယခင်က ယခုမွန်ပြည်နယ်ဟု သတ်မှတ်ခြင်းမရှိမီက မွန်ပြည်နယ်အဖြစ် ဖွဲ့စည်းထားသောနယ်မြေသည် တနင်္သာရီတိုင်းအတွင်း ပါဝင်ခဲ့သည်။

မွန်ပြည်နယ် သီးသန့်ရရှိစေရေးအတွက် ရာမညတိုင်းလုံးဆိုင်ရာ မွန်အသင်း၊ မွန်တိုင်းရင်းသားအစည်းအရုံး၊ မွန်အမျိုးသားအဖွဲ့ စသည့် မွန်အဖွဲ့အစည်းပေါင်းစုံတို့က မွန်တိုင်းရင်းသားမျိုးနွယ်စု၊ မွန်စာပေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းတောင်းခံခဲ့ရာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနင်္သာရီတိုင်း အမှတ်(၁)ကို မွန်ပြည်နယ်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်အစိုးရမှ ပြည်နယ်တစ်ခုအဖြစ်သတ်မှတ်ပေးပြီးနောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်နေ့အဖြစ် ကျင်းပသတ်မှတ်နိုင်ရန်အတွက် မွန်ပြည်နယ်အတွင်းရှိ မွန်တိုင်းရင်းသားလူမျိုးများက ၁၉၇၄ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) တင်သည့်နေ့ကို မွန်ပြည်နယ်နေ့အဖြစ်သတ်မှတ်ခဲ့ကြပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပလာခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင် (၅၂) နှစ်တိုင် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်းတွင် မွန်နှင့်ဗမာလူမျိုးအများဆုံးနေထိုင်လျက်ရှိပြီး ကရင်၊ ရှမ်း၊ ပအိုဝ်း စသည့်တိုင်းရင်းသားများလည်း အတူတကွချစ်ကြည်အေးချမ်းစွာနေထိုင်လျက်ရှိပါသည်။ မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင် ပါဝင်ပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ကြောင်းနှင့် ဗုဒ္ဓဘာသာကို ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာက သက်သေခံလျက်ရှိပါသည်။

မွန်ပြည်နယ်အား ခရိုင် (၂)ခရိုင်၊ မြို့နယ် (၁၀)မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီးနောက် (၃၀-၄-၂၀၂၂) ရက်နေ့မှစ၍ ခရိုင် (၂)ခရိုင် ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် စုစုပေါင်းခရိုင်(၄)ခရိုင်၊ မြို့နယ်(၁၀)မြို့နယ်တို့နှင့် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ပစ္စည်းကူးသန်းရောင်းဝယ်ရေးအတွက် ကောင်းမွန်သော ဆက်သွယ်ရေးလမ်းကြောင်းနှင့် အရေးပါသော ဗဟိုဆိပ်ကမ်းနေရာတစ်ခုလည်းဖြစ်ပါသည်။ ထို့ပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရှုမောဖွယ်ရာ တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေသယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများ ပေါများဖြစ်ထွန်းကြွယ်ဝလျက် ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြား

**❖ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်၊ ပြည်ချစ်စိတ်များရရှိပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်လိုစိတ်နှင့် တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ် . . .**

ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့်

ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြပါသည်။ ရေခံမြေခံကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ကာ လူမှုစီးပွားဘဝ ယခုထက် ပိုမို၍တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**❖ အသိပညာအားနည်းပါက အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများအပေါ် စဉ်းစားတွေးခေါ်ဆင်ခြင်မှုများမရှိဘဲ လိုက်ပါလုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်ရေးကို ပျက်ပြားစေမည်သာဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများအပါအဝင် တစ်နိုင်ငံလုံး ပညာသင်ယူနိုင်မှုအခွင့်အလမ်း ကွာခြားမှုမရှိစေရေး အလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ . . .**

အသိဉာဏ်ပညာ ပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ(၁၆) ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ မတ်လ(၁၈)ရက်နေ့တွင် အမျိုးသားလွှတ်တော်တို့ကို ခေါ်ယူကျင်းပလျက်ရှိပြီး နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများအပါအဝင် လွှတ်တော်အစည်းအဝေးများကို အစီအစဉ်အတိုင်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း နိုင်ငံတော်သမ္မတအသစ်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့တစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်၏လုပ်ငန်းစဉ်များ အချိန်တိုအတွင်း ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင်အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက ထွက်ပေါ်လာမည့် နိုင်ငံတော်အစိုးရအသစ်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြရန် အလေး

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုက်အဝန်းထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်၍ KG+9 အထိ မသင်မနေရ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးနှင့် အတန်းပညာမှ အသိပညာသို့ ပြောင်းလဲတိုးတက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံထူးချွန်ထက်မြက်သည့် လူကောင်းလူတော်များဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ထို့ပြင် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်၊ ပြည်ချစ်စိတ်များရရှိပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်လိုစိတ်နှင့် တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့** ○

❍ စာမျက်နှာ ၆ မှအဆက်

ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းပဋိပက္ခများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု အားနည်းချက်သည် သက်ဆိုင်သူများ၏ ပညာရေးအားနည်းမှုများကြောင့် ဖြစ်သည်ဟုသုံးသပ်နိုင်ပါသည်။ အသိပညာအားနည်းပါက အဖျက်အမှောင့်သမားများ၏သွေးထိုးလှုံ့ဆော်မှုများအပေါ် စဉ်းစားတွေးခေါ်ဆင်ခြင်မှုများမရှိဘဲ လိုက်ပါလုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်ရေးကိုပျက်ပြားစေမည်သာဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများအပါအဝင် တစ်နိုင်ငံလုံး ပညာသင်ယူနိုင်မှုအခွင့်အလမ်းကွာခြားမှုမရှိစေရေး အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့်လည်း ပညာရေးကဏ္ဍမြှင့်တင်မှုကို ရည်မှန်းချက်များနှင့်အတူ တိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း နိုင်ငံသားတိုင်းအခြေခံကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးအတွက် ဆေးရုံများတွင် ဆေးဝါးနှင့်ပစ္စည်းကိရိယာများပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ အခမဲ့ဆေးဝါးကုသခွင့်များဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးခြင်းတို့ကို နိုင်ငံတော်မှ အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်း လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် သယ်ယူပို့ဆောင်ရေးအဆင့်မြှင့်တင်ခြင်းအနေဖြင့် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုအတွက် အဓိကကျသည့် တံတားနှစ်စင်းဖြစ်သည့် ဂျိုင်း(ဇာသပြင်) တံတားသစ်နှင့် အတ္ထရံတံတားသစ်(၂)စင်းကိုလည်း ယခု မတ်လ (၈)ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတံတား (၂)စင်း ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် မော်လမြိုင်အထူးစီးပွားရေးဇုန်နှင့်ထားဝယ်ရေနက်ဆိပ်ကမ်းသို့လည်းကောင်း၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပကုန်စည်စီးဆင်းမှုလျင်မြန်စေမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တိုက်တွန်းမှာကြားလိုသည်မှာ သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်အလွန်ပင်အရေးကြီးလှပါသည်၊ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်ဆူပူမှုများချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုအတွင်း စိတ်ချမ်းသာစွာနေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်ရေးမှာ အလွန်အရေးကြီးလှပါသည်။ တိုင်းရင်းသားပြည်သူအားလုံးလိုလားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ ပြည်နယ်သားများ၏အကျိုးစီးပွားနှင့် နိုင်ငံနှင့်ပြည်သူအားလုံးတို့၏ကောင်းကျိုးကို ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း တိုက်တွန်းမှာကြားလိုပါသည်၊ ထို့ပြင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများအားလုံး အစဉ်ထာဝရအေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

# (၅၂) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**မော်လမြိုင် မတ် ၁၈**

၂၀၂၆ ခုနှစ် (၅၂) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေပေးအပ်ပြီး တစ်ဦးချင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ နှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တံခွန်စိုက်ဒိုင်းဆု၊ တစ်ဦးချင်းဆုနှင့်ငွေသားဆုများပေးအပ်ကာ အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်ရှိ သံလွင်အပန်းဖြေဥယျာဉ်ဖွင့်ပွဲသို့ တက်ရောက်ပြီး သံလွင်အပန်းဖြေဥယျာဉ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ဖျော်ဖြေပေးခဲ့ကြသည့် ဘင်ခရာ၊ ပန်းဖွား၊ တိုင်းရင်းသားအကအဖွဲ့များနှင့် ဖဲကြိုးကိုင်၊ ဗန်းကိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး သံလွင်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အများပြည်သူစိတ်အေးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေး၊ အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများစနစ်တကျရှိစေရေး မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုးတပ်ဆင်ထုတ်လုပ်ရေးစက်ရုံဖွင့်

**ဘားအံ မတ် ၁၈**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ရှိုင်းထူးကုမ္ပဏီ၏ ကူဘိုတာအမှတ်တံဆိပ် လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံစက်မှုဇုန်ရှိ အဆိုပါစက်ရုံတည်နေရာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ကုမ္ပဏီတာဝန်ရှိသူများက မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၅၉၀၀ သန်းဖြင့် ကူဘိုတာအမှတ်တံဆိပ် လက်တွန်းထွန်စက်(Power Tiller)များ၊ လယ်ယာသုံးစက်ပစ္စည်းများကို SKD စနစ်တပ်ဆင်ထုတ်လုပ်၍ မြန်မာတစ်နိုင်ငံလုံးသို့ပို့ဆောင် ဖြန့်ချိမည့် ရှိုင်းထူးကုမ္ပဏီ၏လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တက်ရောက်လာသူများနှင့်အတူ စက်ရုံဆိုင်းဘုတ်နှင့်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံဖွင့်ပွဲသို့တက်ရောက်လာသောယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး စက်ရုံအတွင်း Engine Assembly Line တွင် ကူဘိုတာအင်ဂျင်များ တပ်ဆင်ထုတ်လုပ်နေမှု၊ Power Tiller Assembly Line တွင် လက်တွန်းထွန်စက် Power Tiller များ တပ်ဆင်ထုတ်လုပ်နေမှု၊ တပ်ဆင်ထုတ်လုပ်ပြီး လယ်ယာသုံးစက်ပစ္စည်းများ၊ Almega (စက်ရုပ်လက်)ဖြင့် လက်တွန်းထွန်စက်၏ တွဲဖက်ပစ္စည်းများ၊ လယ်ယာသုံးကိရိယာများတပ်ဆင်ထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး စက်ရုံတာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်၏ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်ယခုထုတ်လုပ်မည့်လက်တွန်းထွန်စက်သာမက ထွန်စက်ကြီးများအထိ တိုးတက်ထုတ်လုပ်၍ တောင်သူလယ်သမားများအားကိုးအားထားပြုရသည့် ထုတ်ကုန်



တစ်ခုအဖြစ်ရပ်တည်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘားအံစက်မှုဇုန်ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ဘားအံစက်မှုဇုန်နှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး စက်ရုံမန်နေဂျာ MR. APICHAI က စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ရှိုင်းထူးကုမ္ပဏီ၏ ကူဘိုတာအမှတ်တံဆိပ် လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ မန်နေးဂျင်းဒါရိုက်တာ ဦးမင်းမင်းခိုင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကုမ္ပဏီတာဝန်ရှိသူများက ရှိုင်းထူးကုမ္ပဏီမှ တပ်ဆင်ထုတ်လုပ်သည့် လက်တွန်းထွန်စက်တစ်စီးကို ပြည်နယ်ဝန်ကြီးချုပ်ထံပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံဖွင့်ပွဲသို့တက်ရောက်လာသော လုပ်ငန်းရှင်များနှင့်ဒေသခံများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လူကုန်ကူးမှုများနှင့်ပတ်သက်သည့် တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်အတွင်း လူကုန်ကူးခံရသူများအားအကာအကွယ်ပေးခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၈**

လူကုန်ကူးမှုများနှင့်ပတ်သက်သည့် တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်အတွင်း လူကုန်ကူးခံရသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Hotel Max ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် International Justice Mission– IJM (Myanmar)မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်မှစ၍ လွှဲပြောင်းလက်ခံခြင်း၊ လက်ခံစောင့်ရှောက်ခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းတို့ကို အစိုးရဌာနများ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်မှုပုံစံဖြင့် တရားစွဲဆို



ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊ တရားစီရင်ရေးစနစ်တွင် လူကုန်ကူးခံရသူများမှ ပူးပေါင်းဆောင်ရွက်လာစေရန်၊ လူကုန်ကူးမှုများနှင့်စပ်လျဉ်းသည့် တရားစွဲဆိုရေးလုပ်ငန်းစဉ်များ၊ တရားစွဲဆိုရေးလုပ်ငန်းစဉ်အတွင်း ဆောင်ရွက်ပေးရမည့် ကာကွယ်စောင့်ရှောက်မှုအစီအမံများ၊ ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိသည့်အခွင့်အရေးများကိုသိရှိစေရန် စသည့်လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၀ ဦးဖြင့် မတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အလယ်အလတ်အဆင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၄)၏ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၁၈**

အလယ်အလတ်အဆင့်အရာထမ်း သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးစိုးတင့်က နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားအတွင်း အခြေခံကျသည့်လုပ်ငန်းတာဝန်များကို နှစ်ကာလအတိုင်းအတာတစ်ခုအထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီးဖြစ်သည့်အတွက် လုပ်ငန်းဆိုင်ရာအတွေ့အကြုံရှိပြီးသူများဖြစ်၍ မိမိတို့၏ ဉာဏ်ပညာဖြင့်ယှဉ်တွဲကာ ပေးအပ်သည့်တာဝန်များကို မှန်ကန်စွာသုံးသပ်ဆုံးဖြတ်တတ်ကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်ခြောက်ချက်ကို ဦးထိပ်ပန်ဆင်ပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး ၃၀ ကို စံပြုအဖြစ် ကိုယ်တိုင်လိုက်နာရန်သာမက လက်အောက်ဝန်ထမ်းများလိုက်နာကျင့်သုံးကြစေရေး လမ်းညွှန်ပေးကြရန် မှာကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်သည် ကိုးနဝင်းဆုတောင်းပြည့်စေတီတော်၏ ဗုဒ္ဓပူဇနိယ အနေကဇာတင်အခမ်းအနားနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်သည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့်ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး လိုက်နာဆောင်ရွက်ရန် မှာကြားကာ တက္ကသိုလ်၏ ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများနှင့်မီးဖိုဆောင်သုံးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်း၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရတနာသိင်္ဃခန်းမ၌ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၁၈ ရက်အထိ သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၄ ဦး စုစုပေါင်း ၉၂ ဦးဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဆေးပညာသင်ကြားရေးဒီပလိုမာ (Diploma in Medical Education) ဘွဲ့လွန်သင်တန်းအမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် ဆေးရုံများတွင် ဆေးလက်တွေ့သင်ကြားရေးတာဝန်ထမ်းဆောင်နေသူများအတွက် ရည်ရွယ်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ၂၀၂၆ ပညာသင်နှစ် ဆေးပညာသင်ကြားရေးဒီပလိုမာ – Diploma in Medical Education (Dip.Med.Ed) ဘွဲ့လွန်သင်တန်းအမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ Module Supervisor များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအောင်ဘိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ ဆေးပညာသင်ကြားရေးဒီပလိုမာ ဘွဲ့လွန်သင်တန်းအမှတ်စဉ်(၂၁) ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နံနက်ပိုင်းအစီအစဉ်တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးပွဲကို မတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# သီတဂူမျက်စိဆေးရုံတော်၌ (၁၇)ကြိမ်မြောက် မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေး

**ရန်ကုန် မတ် ၁၈**

သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုဆရာဝန်ကြီးများက (၁၇)ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်း သီတဂူမျက်စိအလှူတော်ကို မတ်လ ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ(၁၇) ကြိမ်မြောက် သီတဂူမျက်စိအလှူတော်အစီအစဉ်ကို သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ ဆောင်ရွက်လျက်ရှိရာ ဆရာတော်ကြီး၏တပည့်၊ ဒါယကာများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက မျက်စိဝေဒနာရှင်များအား စာရင်းပေးသည်မှစ၍ ခွဲစိတ်ကုသမှုခံယူပြီးသည့်အထိ စောင့်ရှောက်ကုသိုလ်ယူကြသည့်အပြင် စားသောက်ဖွယ်ရာများနှင့်သွားလာရေးအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များကိုပါအခမဲ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မတ်လ ၁၇ ရက်(ပထမနေ့)တွင် ၆၀၈ ဦး၊ မတ်လ ၁၈ ရက်(ဒုတိယနေ့)တွင် ၄၇၀ ဦးကို မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေးပေးခဲ့ပြီး ၅၁ ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

ယင်းအပြင် မျက်စိအခမဲ့ခွဲစိတ်မှုခံယူထားသူများကို အထူးကုဆရာဝန်ကြီးများကစစ်ဆေးပြီး လိုအပ်သည့်ဆေးဝါးထုတ်ပေးခြင်းများကို သတ်မှတ်ရက်အလိုက်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံတော်ကိုစတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း ၄၄ ရုံထိဖွင့်လှစ်ခဲ့ကာ မျက်စိဝေဒနာရှင်ပေါင်းနှစ်သန်းကျော်ကိုစစ်ဆေးကုသပေးခဲ့ပြီး ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့ကြောင်းသိရသည်။

လင်းခန့်

# မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် မတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် မိုင်းခတ်တပ်နယ်ရှိ နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပပြီးစီး



ရန်ကုန် မတ် ၁၈

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်မှစတင်ကျင်းပခဲ့ရာ ယနေ့တွင် စက်မှုအတတ်ပညာဘာသာတွဲကို နောက်ဆုံးနေ့အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနလေးခု၌ ကျောင်းသား၊ ကျောင်းသူ ၂၄၃ ဦး ဖြေဆိုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်၊ ဒဂုံ (တောင်)မြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ စာစစ်ဌာနလေးခု၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုအတတ်ပညာအနေဖြင့် မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲဘာသာရပ်များကို ကျောင်းသား ၁၆၃ ဦး၊ ကျောင်းသူ ၈၀ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၄၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

“စက်မှုစိုက်ပျိုး၊မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို ပထမဆုံးအကြိမ်ကျင်းပတာပါ။ ရန်ကုန်တိုင်းဒေသကြီးက ကျောင်းသား၊ ကျောင်းသူ ၂၄၃ ဦးဟာ စတင်ဖြေဆိုချိန်ကစပြီး ယနေ့ နောက်ဆုံးဘာသာဖြေဆိုတဲ့အထိ ပျက်ကွက်သူမရှိဘဲ ရာနှုန်းပြည့်ဖြေဆိုခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲမှာ အများဆုံးဖြေဆိုတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေ ကြိုးစားအားထုတ်မှု အားကောင်းခဲ့တာကြောင့် အောင်မြင်သွားတဲ့အခါမှာ စိုက်ပျိုးရေးနဲ့မွေးမြူရေးတက္ကသိုလ်မှာ တက်ရောက်ခွင့်ရမှာဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်၊ မြန်မာနိုင်ငံအတွက်လည်း ကျွမ်းကျင်ပညာရှင်တွေ ပေါ်ထွန်းလာမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဦး(ပညာ)ကပြောသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှုတွင် စက်မှုအတတ်ပညာအနေဖြင့် အဆောက်အဦ၊ လျှပ်စစ်၊ စက်ပစ္စည်းအထူးပြုဘာသာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပေါင်းစပ်သိပ္ပံ၊ မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ၊ လက်သမားအတတ်ပညာနှင့်သစ်သားလုပ်ငန်း၊စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာ၊ မြို့ပြမြေပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲ ဘာသာရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးအတတ်ပညာအနေဖြင့်မြန်မာစာ၊သီးနှံထုတ်လုပ်ရေး(၁)၊(၂)၊(၃)၊ သီးနှံကာကွယ်ရေးနှင့် လူမှုရေးသိပ္ပံဘာသာရပ်များကိုလည်းကောင်း၊ မွေးမြူရေးအတတ်ပညာအနေဖြင့် မြန်မာစာ၊ ကြက်မွေးမြူထုတ်လုပ်ရေး၊ ဝက်မွေးမြူထုတ်လုပ်ရေး၊ ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး၊ စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာရပ်များကိုလည်းကောင်းဖြေဆိုခဲ့ကြကြောင်းသိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၈၁)နှစ်မြောက် **“တပ်မတော်နေ့”**ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၀-၃-၂၀၂၆) ရက်(သောကြာနေ့)ညတွင်တပ်မတော်ဆိုင်ရာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“ပြည်ချစ်သားမွန် တေးသဝဏ်”** ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

(၂၀-၃-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “ပြည်ချစ်သားမွန် တေးသဝဏ်” ပွဲစဉ်(၃)တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သမိုင်းရှင်နှစ်ပြည်ချစ်တပ်မတော် | ပြင်ပအဆိုရှင် |
| ၂။ | ရဲဝံ့တဲ့တပ်မတော် | ပြင်ပအဆိုရှင် |
| ၃။ | ပြည်သူချစ်သောမေ့ချစ်သူ | ပြင်ပအဆိုရှင် |
| ၄။ | ဂုဏ်ယူပါတယ် | တူယှဉ်နွဲပျော်ဂီတပွဲတော်ဆုရအဆိုရှင် |
| ၅။ | ထား | ပြင်ပအဆိုရှင် |
| ၆။ | ငါတို့သည် | တူယှဉ်နွဲပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | နှလုံးသားထဲကကိုစစ်သား | ပြင်ပအဆိုရှင် |
| ၈။ | ရွှေခေတ်ဆီသို့ | ပြင်ပအဆိုရှင် |
| ၉။ | ကျွန်မရဲ့သူ | ပြင်ပအဆိုရှင် |
| ၁၀။ | ပြည်ထောင်စုရဲ့နိုင်ငံတော် | ပြင်ပအဆိုရှင် |
| ၁၁။ | မြန်မာပြည်ကြီးကိုစောင့်ရှောက်ကာကွယ်မည် | ဌာနအဆိုရှင် |
| ၁၂။ | မော်ကွန်းစစ်သည် | တူယှဉ်နွဲပျော်ဂီတပွဲတော်ဆုရအဆိုရှင် |

မွန်ပြည်နယ်နေ့ ဂုဏ်ပြုကဗျာ

## မွန်ပြည်နယ်နေ့ စဉ်ချမ်းမြေ့ပါစေ

✤ မွန်ပြည်နယ် သူ့ဂုဏ်ဒြပ်
ထူးမြတ်လို့ လွန်တင့်တယ်။
သုဝဏ္ဏဘူမိဒေသ
ရှေးကတွင်ကျယ်။
ဘာသာဓလေ့ စဉ်အလာဝယ်
သာသနာနယ် လွန်ထင်ရှား။
ရှင်အရဟံမထေရ်မြတ်
ကြီးကြပ်ခဲ့သား။

✤ တည်နေရာ သဘာဝ
မျှတလို့ ကောင်းမွန်သည်။
ရေမြေသယံဇာတ
များလှပြည့်မီ။
ရေလမ်းကုန်းလမ်း စုံစွာတည်
လွယ်ကူသည် သွားလာရေး။
ကူးသန်းရောင်းဝယ် ကုန်စည်များ
အားရဖွယ်လေး။

✤ မော်လမြိုင် သံလွင်တံတား
သွားလာမှု လွန်လျင်မြန်။
ဘုရားစုံ လှည့်လည်ဖူး
ဦးခိုက်ကြရန်။
မြတ်ဘုရားကျိုက်သလ္လံ
ရှေးဘုန်းကံ လွန်ထင်ရှား။
ဆံတော်ရှင် ကျိုက်ထီးရိုး
ကိုးကွယ်လို့ထား။

✤ မွန်ရိုးရာ တေးဂီတ
သုခုမ မြတ်ပညာ။
စာပေနှင့် ယဉ်ကျေးမှု
ထူးပြုဖွယ်ရာ။
နှစ်ကာလ မြောက်မြားစွာ
တည်တံ့ကြာ ရိုးရာအနှစ်။
ဂုဏ်ယူစရာ ယဉ်ကျေးမှု
တွေးရှု ဆန်းသစ်။

✤ ဒီမိုကရေစီ ယနေ့ခေတ်
ဆန်းသစ်တဲ့ အချိန်ခါ။
ချစ်စရာ မွန်ပြည်နယ်နေ့
ချမ်းမြေ့သာယာ။
တိုးတက်မှု အဖြာဖြာ
ကြည့်လေရာ မြင်တွေ့မိ။
ပြည်နယ်သူ ပြည်နယ်သားတို့
ဝင့်ကြွားပါဘိ။ ။

အာကာမောင်မောင်

# မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ သမဝါယမလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာရှိ ရာမညဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းလီမိတက်၏သစ်သီးဝလံပန်းမန်အအေးခန်းသိုလှောင်ရုံနှင့်သစ်သီးဝလံပန်းမန်လက်လီလက်ကားအရောင်းဆိုင်သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ အသင်းအမှုဆောင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ပန်း၊ ဒူးရင်းသီး၊ နာနတ်သီး၊ ကျွဲကော၊ ကြက်မောက် စသည့် ဒေသထွက်ကုန်သီးနှံများကို အအေးခန်းသိုလှောင်ရုံတွင် သိုလှောင်ထိန်းသိမ်းထားရှိကာ တန်ဖိုးမြှင့်ထုတ်လုပ်ရောင်းချခြင်းဖြင့် အသင်းသားတောင်သူများ၏ မိသားစုဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း၊ ပြည်တွင်းဖူလုံသည်သာမက ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့်လည်း နိုင်ငံခြားဝင်ငွေရရှိလာမည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း မှာကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကောင်းလျှံ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မုဒုံမြို့နယ် ကော့ဟာဘင်လမ်း အရှေ့ဘက် ဒုံကနီရပ် မြို့မ(၂)ရပ်ကွက်ရှိ မြေနေရာတွင် အဆင့်မြင့်ခရမ့်ရော်ဘာကြိတ်ခွဲသိုလှောင်ရုံ အဆောက်အအုံ ဆောက်လုပ်မည့်စီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ဒေသထွက်ရော်ဘာကုန်ကြမ်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မုဒုံမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်တစ်နှစ်သင်တန်း၊ လက်ရက်ကန်းခြောက်လသင်တန်းတက်ရောက်နေကြသော သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများ၊ သင်တန်းကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး၍ မိသားစုဝင်ငွေတိုးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းချိတ်ဆက်မှုအားကောင်းစွာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ လာရောက်ဖြေဆိုသူ ၂၁၁၄ ဦးရှိ

နေပြည်တော် မတ် ၁၈

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ်စက်မှု စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန စုစုပေါင်း ၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာဘာသာတွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၁၃၄ ဦးရှိပြီး စာမေးပွဲ သတ္တမနေ့တွင် စက်မှုကျောင်းသား၊ ကျောင်းသူများက မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲ ဘာသာရပ်များကို ဖြေဆိုကြကာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၁၁၄ ဦး၊ ပျက်ကွက် ၂၀ ဦးရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၀၆ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်၊ စက်မှုပုံဆွဲ)

နေ့စွဲ - ၁၈.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၂ | ၂ | ၈၆ | ၄၅ | ၁၃၁ | ၈၆ | ၄၅ | ၁၃၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၈ | ၄ | ၁၂ | ၈ | ၄ | ၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၁ | ၄၀ | ၁၆ | ၅၆ | ၄၀ | ၁၆ | ၅၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၂ | ၅ | ၁၇ | ၁၂ | ၅ | ၁၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၁၉ | ၉၀ | ၂၀၉ | ၁၁၈ | ၈၇ | ၂၀၅ | ၁ | ၃ | ၄ | ၉၈.၀၉% | ၁.၉၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၆ | ၂ | ၈ | ၆ | ၂ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၂ | ၂ | ၁၀၁ | ၃၇ | ၁၃၈ | ၁၀၁ | ၃၇ | ၁၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၂ | ၂ | ၈၉ | ၃၄ | ၁၂၃ | ၈၇ | ၃၃ | ၁၂၀ | ၂ | ၁ | ၃ | ၉၇.၅၆% | ၂.၄၄% | |
| ၉ | မကွေး | ၄ | ၄ | ၄ | ၁၅၅ | ၆၈ | ၂၂၃ | ၁၅၂ | ၆၆ | ၂၁၈ | ၃ | ၂ | ၅ | ၉၇.၇၆% | ၂.၂၄% | |
| ၁၀ | မန္တလေး | ၄ | ၄ | ၄ | ၁၆၇ | ၉၅ | ၂၆၂ | ၁၆၅ | ၉၅ | ၂၆၀ | ၂ | ၀ | ၂ | ၉၉.၂၄% | ၀.၇၆% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၄ | ၅၅ | ၃၁ | ၂၄ | ၅၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၁ | ၈ | ၇ | ၁ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၁၆၃ | ၈၀ | ၂၄၃ | ၁၆၃ | ၈၀ | ၂၄၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၂၃ | ၁၀၆ | ၂၃၉ | ၁၃၂ | ၁၀၆ | ၂၃၈ | ၁ | ၀ | ၁ | ၉၉.၅၈% | ၀.၄၂% | |
| ၁၅ | ရှမ်း(မြောက်) | | | | | | | | | | | | | | | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၁ | ၁၄ | ၁ | ၁၅ | ၁၄ | ၁ | ၁၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၄ | ၄ | ၂၀၄ | ၄၇ | ၂၅၁ | ၂၀၁ | ၄၅ | ၂၄၆ | ၃ | ၂ | ၅ | ၉၈.၀၁% | ၁.၉၉% | |
| ၁၈ | နေပြည်တော် | ၂ | ၂ | ၂ | ၁၀၈ | ၃၆ | ၁၄၄ | ၁၀၈ | ၃၆ | ၁၄၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၀ | ၄၁ | ၄၁ | ၁၄၄၃ | ၆၉၁ | ၂၁၃၄ | ၁၄၃၁ | ၆၈၃ | ၂၁၁၄ | ၁၂ | ၈ | ၂၀ | ၉၉.၀၆% | ၀.၉၄% | |

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၁၈

ယနေ့ည ၇ နာရီ ၀၇ မိနစ် ၀၀ စက္ကန့်အချိန်တွင် မော်လမြိုင် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သထုံမြို့၏ အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၂၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဝါရီရူမြစ်ကမ်းသာအပန်းဖြေနေရာဖွင့်ပွဲနှင့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းဆိုင်များဖွင့်ပွဲသို့ တက်ရောက်



နေပြည်တော် မတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဝါရီရူမြစ်ကမ်းသာအပန်းဖြေနေရာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘင်ခရာ/ပန်းဖွားအဖွဲ့နှင့်တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်း၊ တက်ရောက်လာသူများက ဝါရီရူမြစ်ကမ်းသာအပန်းဖြေနေရာကမ္ပည်းအား အမွှေးနံ့သာများပက်ဖျန်းခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းများဆောင်ရွက်ခဲ့ပြီး အပန်းဖြေနေရာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်များဖြစ်သော ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်တို့က ပြခန်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများအားလိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ တောင်သူများသို့ မျိုးစေ့ချကိရိယာ (Seeder) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က မြို့နယ်အလိုက်မျိုးစေ့ချကိရိယာ (Seeder)များပေးအပ်ခဲ့သည်။

ထို့နောက် တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ နည်းပညာတက္ကသိုလ်သို့သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများမှကြိုဆို၍ တက္ကသိုလ်ဆိုင်ရာ အချက်အလက်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ရှင်းလင်းတင်ပြခဲ့ရာ ကော်မရှင်အဖွဲ့ဝင်ကလိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အထက်လမ်းမကြီးရှိ ပြည်ထဲရေးဝန်ကြီးဌာနပိုင်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကကြိုဆို၍ မြေနေရာနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ရာ ကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဆင်းပွဲကျင်းပ




နေပြည်တော် မတ် ၁၈

ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်းနှင့်ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယခုသင်တန်းတွင် လေ့လာခဲ့ရသော ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်ဆက်နွှယ်နေသည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညွှန်ကြားချက်များကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချအကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ၏အကန့်အသတ်နှင့်တည်ရှိနေသော အရင်းအမြစ်များကို လိုအပ်နေသည့် လူမှုရေးနှင့်စီးပွားရေးကဏ္ဍများဖွံ့ဖြိုးစေရေးအတွက် ဦးစားပေးခွဲဝေလျာထားပေးခြင်းအပြင် ခွဲဝေပေးသောအသုံးစရိတ်များကို ထိရောက်အကျိုးရှိစွာ သုံးစွဲရေး၊ ရငွေများကိုလည်း မျှော်မှန်းထားသည့်လျာထားချက်များအတိုင်းရရှိအောင် ကြီးကြပ်ကောက်ခံနိုင်ရေးကို ထိန်းညှိဆောင်ရွက်ပေးရသည့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရှိဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝနေရန်လိုအပ်ကြောင်း၊ ယခုသင်တန်းမှရရှိသော အသိပညာ၊ ဗဟုသုတများကို အသုံးချပြီး ပေးအပ်သည့်လုပ်ငန်းတာဝန်များကို အရည်အသွေးပြည့်ဝစွာ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏စွမ်းရည်များကို မြင့်သည်ထက်မြင့်အောင် အစဉ်မြှင့်တင်ကြရန်ဖြစ်ကြောင်း၊ တိုက်တွန်းပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းသို့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ အရာထမ်း ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး

မော်လမြိုင် မတ် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန မော်လမြိုင်လူငယ်သင်တန်းကျောင်း၌ အဆိုပါသင်တန်းမှ လူငယ်များနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး စားရိပ်သာဆောင်နှင့် လူငယ်များ အားကစားလေ့ကျင့်နေမှု၊ ဆံပင်ညှပ်သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုကာ သင်တန်းကျောင်း ကျောင်းအုပ်၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)မူလတန်းကြိုကျောင်း၌ မူကြိုအရွယ်ကလေးများအား အာဟာရမုန့်ကျွေးမွေးနေမှု၊ ကလေးငယ်များ ကဗျာရွတ်ဆိုနေမှု၊ ကလေးပြုစုရေးဌာန၌ ရင်ခွင်ပိုက်ကလေးများအား ကျွေးမွေးပြုစုစောင့်ရှောက်ထားမှုတို့ကိုလည်းကောင်း၊ အမှတ်(၁)မူလတန်းကြိုကျောင်း ကျောင်းဥပစာရပ်နှင့်ကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များ၏ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် မိဘ၊ ဆရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အကြိုဂုဏ်ပြုဆောင်းပါး

# နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကိုထိန်းသိမ်းစို့

သစ်တောမောင်

**သစ်တောသယံဇာတများ၏အရေးပါမှု**

သစ်တောများသည် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကို အထောက်အကူပြုရန် မရှိမဖြစ် အရေးပါသောအရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ သစ်တောများသည် သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအမျိုးမျိုး၊ ပြန်လည်အသုံးချနိုင်သော ကုန်ကြမ်းအရင်းအမြစ်အမျိုးမျိုးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကိုထောက်ပံ့ပေးလျက်ရှိပြီး ကျေးလက်ဒေသနေပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရုံသာမက နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းပံ့ပိုးပေးလျက်ရှိသည်။

သစ်တောများမှ သစ်များ၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင်၊ ပျားရည်၊ မှို၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ရေကောင်းရေသန့်များ၊ ဇီဝမျိုးစုံမျိုးကွဲများ စသည့်စီးပွားရေးအရ အလွန်တန်ဖိုးရှိသော **ထောက်ပံ့မှုဆိုင်ရာဝန်ဆောင်မှုများ (Provisional Services) ပံ့ပိုးပေးသည်။** ထို့ပြင် ရာသီဥတုပြောင်းလဲမှုအားထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ ရေ၊ လေသန့်စင်ခြင်း၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များမှကာကွယ်ပေးခြင်း စသည့်ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော **ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာဝန်ဆောင်မှုများ (Regulating Services)** ကိုလည်း ပံ့ပိုးပေးသည်။ သစ်ပင်သစ်တောများတည်ရှိနေခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေခြင်း၊ မျက်စိပသာဒကောင်းမွန်စေခြင်း၊ အပန်းဖြေနိုင်ခြင်း၊ ယုံကြည်မှုကိုးကွယ်မှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုနှင့် ဆက်စပ်သောစိတ်ပိုင်းဆိုင်ရာလိုအပ်မှုများ ဖြည့်ဆည်းပေးနိုင်ခြင်း (Aesthetic, Cultural and Spiritual Services) စသည့်ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။

သစ်တောများတည်ရှိနေခြင်းသည် **"အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု"** ဟုဆိုသည့်အတိုင်း သစ်တောများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်တည်ငြိမ်ရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် စနစ်တကျစီမံအုပ်ချုပ်ခြင်းသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟုဆိုနိုင်သည်။

**မြန်မာ့သစ်တောသယံဇာတများ**

မြန်မာနိုင်ငံသည်သစ်တောသယံဇာတများအလွန်ကြွယ်ဝသောနိုင်ငံဖြစ်သည်။ ၂၀၂၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာမှုများအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း (ဧရိယာ ဧက ၇၀ ဒသမ ၄၇ သန်း) ရှိပြီး မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောအမျိုးအစားစုံလင်စွာ ပေါက်ရောက်လျက်ရှိသည်။ အအေးပိုင်းသစ်တောများ၊ ရွက်ပြတ်ရောနှောတောများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းတောများ၊ တောင်ပေါ်တောများနှင့် ဒီရေတောများ၊ ရွှံ့ညွန်တောများ စသည်ဖြင့်စုံလင်စွာ ပေါက်ရောက်လျက်ရှိသည်။ အထူးသဖြင့် ကျွန်းသစ်နှင့် သစ်မာသစ်မျိုးများဖြစ်သော ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သင်းဝင်၊ အင်၊ ကညင် စသည့်စီးပွားရေးအရ အဖိုးတန်သစ်မျိုးများကို ရွက်ပြတ်ရောနှောတောများတွင်တွေ့ရပြီး နိုင်ငံ့စီးပွားရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

အဆိုပါ အဖိုးတန်သစ်မျိုးများနှင့်အတူ ဝါး၊ ကြိမ်၊ မှို၊ ပျားရည်၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအမျိုးမျိုးလည်း သစ်တောအမျိုးအစားအလိုက်တွေ့နိုင်သည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ သစ်ပင်များ၏ အစိတ်အပိုင်းအမျိုးမျိုးတို့သည် ကျွန်းနှင့်သစ်မာများကဲ့သို့ပင် နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအား ရေရှည်တည်တံ့စေရန် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် စနစ်တကျထုတ်ယူသုံးစွဲခြင်းသည် သစ်တောပြုန်းတီးမှုမဖြစ်စေဘဲ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေသည်၊ သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) များ ဖွံ့ဖြိုးလာစေနိုင်သည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဆောင်ရွက်မည်ဆိုပါက စီးပွားရေးအကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်သည်။



**ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများ**

**(က) သစ်တောများနှင့် ဇီဝစီးပွားရေး (Bioeconomy)**

၂၁ ရာစုအတွင်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝအရင်းအမြစ်လျော့နည်းလာမှု၊ သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာမှု၊ နည်းပညာနှင့် ဈေးကွက်ပြိုင်ဆိုင်မှု ပြင်းထန်လာမှုတို့နှင့် တစ်ပြိုင်နက်ရင်ဆိုင်ရလျက်ရှိသည်။ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုလျှော့ချခြင်း၊ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာများ အသုံးပြုလာခြင်း၊ ဓာတုပစ္စည်းများအခြေခံသော ထုတ်ကုန်ပစ္စည်းများ သုံးစွဲမှုလျှော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲသဘာဝသယံဇာတများဖြစ်သည့် သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကိုအခြေခံသည့် ဆောက်လုပ်ရေးပစ္စည်းများနှင့် ပရိဘောဂများ၊ အော်ဂဲနစ်ထုတ်ကုန်များ၊ ဇီဝထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များ၊ ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများကို ပိုမိုဦးစားပေးရွေးချယ်သုံးစွဲလာလျက်ရှိသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့နိုင်ငံအများစုသည် သက်ရှိသဘာဝအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ စဉ်ဆက်မပြတ်ထုတ်လုပ်ခြင်းနှင့် အသုံးချခြင်းကို အဓိကထားဆောင်ရွက်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ဇီဝစီးပွားရေးစနစ် (Sustainable Bioeconomy) သို့ပြောင်းလဲရန် ကြိုးပမ်းလာလျက်ရှိသည်။

သစ်သား၊ ဝါးနှင့် ကြိမ်တို့သည် ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝအရင်းအမြစ်များဖြစ်ပြီး သံမဏိ၊ ကွန်ကရစ်နှင့် ပလတ်စတစ်ကဲ့သို့ ကာဗွန်ထုတ်လွှတ်မှုများသောပစ္စည်းများကို အစားထိုးအသုံးပြုနိုင်သည့် အရင်းအမြစ်များဖြစ်သည်။ သစ်တောထွက်ပစ္စည်းများ၊ သစ်တောထုတ်ကုန်များသည် ကာဗွန်ထုတ်လွှတ်မှုများသောပစ္စည်းများကို အစားထိုးနိုင်ပြီး စီးပွားရေးအခွင့်အလမ်းအသစ်များကိုလည်း ဖန်တီးပေးနိုင်သည့် ဇီဝစီးပွားရေး (Bioeconomy) ၏ အရေးကြီးသော အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။ သစ်တောများသည် ထွန်းသစ်စဇီဝစီးပွားရေးစနစ် ဗဟိုချက်တွင်ရှိပြီး အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။

**(ခ) သစ်တောများနှင့် အစိမ်းရောင်စီးပွားရေး (Green Economy)**

သစ်တောများသည် အစိမ်းရောင်စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အရေးပါသော ပတ်ဝန်းကျင်စနစ်ဝန်ဆောင်မှုများ၊ ပြန်လည်အသုံးပြုနိုင်သော သဘာဝအရင်းအမြစ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချပေးရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သစ်ပင်သစ်တောများနှင့် ဂေဟစနစ်အခြေပြုသော စီးပွားရေးလုပ်ငန်းများစွာ ဆောင်ရွက်နိုင်သည်။ သစ်တောများရေရှည်တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ်ခြင်း (Sustainable Forest Management)၊ သစ်တောစိုက်ခင်းများနှင့် ဝါးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ ဝါးနှင့်ကြိမ်တို့အခြေခံသော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဆေးဖက်ဝင်အပင်များထုတ်လုပ်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ကို မြှင့်တင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်မည့် သစ်အခြေခံစက်မှုလုပ်ငန်းများ အသွင်ကူးပြောင်းဆောင်ရွက်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation–REDD+)၊ ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးပေးချေခြင်းဆိုင်ရာလုပ်ငန်းများ (Payment for Ecosystem Services–PES)၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် ကာဗွန်ခရက်ဒစ်ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများသည် သစ်ပင်သစ်တောများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအခြေခံသော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြစ်ပြီး သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများက အလေးထားဖော်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများဖြစ်သည်။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများနှင့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများသည် စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်ရုံသာမက ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြေရှင်းပေးနိုင်သည့် သဘာဝအခြေပြုဖြေရှင်းခြင်း (Nature–based Solutions) နည်းလမ်းတစ်ရပ်ဖြစ်သည်။ သစ်တောစီမံအုပ်ချုပ်မှု အတတ်ပညာ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အသုံးပြု၍ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**(ဂ) သစ်တောများနှင့် စက်ဝိုင်းပုံစီးပွားရေး (Circular Economy)**

ယခုအခါတွင် သဘာဝအရင်းအမြစ်များ၊ သစ်တောသယံဇာတများ လျော့နည်းရှားပါးလာမှုနှင့်အတူ သစ်နှင့်သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများကိုအခြေခံသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းပမာဏ အနည်းဆုံးကိုအသုံးပြု၍ စီးပွားရေးအကျိုးအမြတ်အများဆုံးရရှိစေနိုင်သော ထုတ်လုပ်မှုပုံစံများ၊ သစ်တောထွက်ပစ္စည်းများကို အကြိမ်ကြိမ်၊ **စာမျက်နှာ ၁၄ သို့** ❖



**❖ စာမျက်နှာ ၁၃ မှအဆက်**

အဆင့်ဆင့် ပြန်လည်ပြုပြင်သုံးစွဲသည့် ထုတ်လုပ်မှုပုံစံများသို့ ပြောင်းလဲ ဆောင်ရွက်လာလျက်ရှိသည်။ စက်ဝိုင်းပုံ စီးပွားရေးသည် သစ်တောထွက်ပစ္စည်း များ၊ သဘာဝအရင်းအမြစ်များကို အဆုံးစွန်အထိအသုံးချပြီး စွန့်ပစ် ပစ္စည်းများထွက်ရှိမှုကို အနည်းဆုံးသို့ လျှော့ချရန်ရည်ရွယ်သည့် စီးပွားရေး ပုံစံဖြစ်သည်။ သစ်သားနှင့် သစ်တော ထွက်ပစ္စည်းထုတ်ကုန်များသည် ပလတ် စတစ်ကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှုများမရှိသည့်အပြင် ပြန်လည် အသုံးချနိုင်စွမ်းမြင့်မားသဖြင့် စက်ဝိုင်းပုံ စီးပွားရေး၏အဓိကပစ္စည်းများအဖြစ် အသုံးချမှုများတိုးပွားလာလျက်ရှိသည်။

ဥပမာအားဖြင့် တန်ဖိုးမြင့်ထုတ်ကုန် များထုတ်လုပ်ရာတွင် ထုတ်လုပ်မှု အဆင့်ဆင့်၌ သစ်ကုန်ကြမ်းများ၊ ဝါးနှင့် ကြိမ်ကုန်ကြမ်းများကို အလေအလွင့် မရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန် စနစ်တကျအသုံးပြုလာသကဲ့သို့ ဖြစ် ပေါ်လာသည့် သစ်အတိုအစများ၊ ဝါး အတိုအစများ၊ ကြိမ်အတိုအစများ၊ ဖြတ်စ များနှင့်လွှစာများကို ခေတ်မီစက်ပစ္စည်း များ၊ နည်းပညာနှင့် အရည်အသွေးမြင့် ကော်များအသုံးပြု၍ ဘုတ်ပြားများ (Particle Board) ထုတ်လုပ်ခြင်း၊ ကြိတ်သား၊ အထပ်သား၊ လက်ယှက်များ၊ ကြမ်းခင်း များ၊ မျက်နှာကြက်များ၊ နံရံများနှင့်ပရိ ဘောဂများ ထုတ်လုပ်ခြင်း၊ လောင်စာ တောင့်များ (Wood Pallet) ပြုလုပ်ခြင်း ဖြင့် ပြန်လည်ပြုပြင်သုံးစွဲလာလျက်ရှိ သည်။ နည်းပညာများ၊ တီထွင် ဆန်းသစ်မှုများ၊ ခေတ်မီစက်ကိရိယာ များ၊ ဆန်းသစ်သောဒီဇိုင်းပုံစံများ၊ အထောက်အကူပြုပစ္စည်းများကိုအသုံးပြု ပြီး သစ်တောထွက်ပစ္စည်းများအား အလေအလွင့်မရှိစေရန်နှင့် အနည်းဆုံး ဖြစ်စေရန် စနစ်တကျစီမံခန့်ခွဲပြီး တန်ဖိုး မြင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်လျက် နိုင်ငံ့စီးပွားကို ပံ့ပိုးပေးလျက်ရှိသည်။

**(ဃ) သစ်တောများနှင့် အပြာရောင် စီးပွားရေး (Blue Economy)**

ပင်လယ်သမုဒ္ဒရာနှင့် ကမ်းရိုးတန်း များတွင် **သဘာဝသယံဇာတများကို ကာကွယ်ခြင်း၊ ပြန်လည်တည်ထောင် ထိန်းသိမ်းခြင်း၊** စဉ်ဆက်မပြတ်ဖွံ့ဖြိုး နိုင်သော စီးပွားရေးလုပ်ငန်းများစွာကို **စနစ်တကျအကောင်အထည်ဖော်ခြင်း ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေမည့်စီးပွားရေးပုံစံသည်အပြာရောင် စီးပွားရေး (Blue Economy) ဖြစ်သည်။** ကမ်းရိုးတန်းသစ်တောများနှင့် ဒီရေတော များသည် အပြာရောင်စီးပွားရေး၏ အခြေခံအင်ဂျင်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း ဒေသသည် ၂၈၀၀ ကီလိုမီတာခန့်ရှည် လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်တစ်ခုလုံး၏ ငါးပုံတစ်ပုံကို ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီရေတောပေါက်ရောက်မှု ဧရိယာအားဖြင့် သတ္တမအဆင့်တွင် တည်ရှိပြီး အာရှတိုက်တွင် ဒီရေတော ပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံ ဖြစ်သည်။ ၂၀၂၅ ခုနှစ် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်ချက်များအရ မြန်မာ့ဒီရေ ရောက်သစ်တောများသည် မြန်မာနိုင်ငံ ဧရိယာ၏ သုည ဒသမ ၇၆ ရာခိုင်နှုန်း (ဧရိယာ ဧက ၁ ဒသမ ၂၆ သန်းကျော်) ရှိသည်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသနှင့် တနင်္သာရီကမ်းရိုးတန်းဒေသတို့သည် အပြာရောင်စီးပွားရေးဖွံ့ဖြိုးရေးအတွက် အဓိကကျသောဒေသများဖြစ်သည်။

ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေလုပ်ငန်းအတွက် အဓိက နေရင်းဒေသများဖြစ်ပြီး စားရေရိက္ခာ ဖူလုံစေရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ဒီရေ တောများသည် ကမ်းရိုးတန်းဒေသနေ ပြည်သူများနှင့် နိုင်ငံအတွက် ရေထွက်ကုန် ပစ္စည်းများ၊ စားရေရိက္ခာများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဂန်ဆောင်မှုအမျိုးမျိုး ကို ပံ့ပိုးထုတ်လုပ်ပေးလျက်ရှိပြီး နိုင်ငံ့ စီးပွားရေးကိုပံ့ပိုးလျက်ရှိသည်။ ဒီရေတော များသည် ပင်လယ်ရွှံ့ညွန်များ၊ သစ်ဆွေး မြေများနှင့် ဆက်စပ်နေပြီး လေထု အတွင်းမှကာဗွန်ကို အလွန်ထိရောက်စွာ စုပ်ယူသိုလှောင်နိုင်သဖြင့် ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေးတွင် အလွန် အရေးပါသည်။ ထို့ကြောင့် ဒီရေတော များက စုပ်ယူသိုလှောင်သောကာဗွန်ကို အပြာရောင်ကာဗွန် (Blue Carbon) ဟုခေါ်ဆိုပြီး ကာဗွန်ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံရောင်းဝယ်လျက်ရှိသည်။

ဒီရေတောများသည် လေပြင်းမုန်တိုင်း များနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှ လျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ် များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသ ရှိ မြစ်ချောင်းကမ်းပါးများရေတိုက် စားပြီး မြေပြိုခြင်း အန္တရာယ်စသည် တို့မှလည်း ကာကွယ်ပေးခြင်းတို့ကို ဒီရေတောများက ဝန်ဆောင်မှုပေးလျက် ရှိသည်။ အဆိုပါ ဝန်ဆောင်မှုတန်ဖိုးများ



သည် စီးပွားရေးအရ ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ ဈေးကွက်တွင်ရောင်းဝယ်၍ မရသော်လည်း သဘာဝဘေးအန္တရာယ် များ တားဆီးကာကွယ်ပေးနိုင်ပြီး စီးပွား ရေးလုပ်ငန်းများနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအတွက် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးနိုင်မှုအန္တရာယ်များမှ ကာကွယ် ပေးလျက်ရှိပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုလျက် ရှိသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကို ထိန်းသိမ်းစို့**

ယခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော **အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ (International Day of Forests)** ၏ အဓိကဆောင်ပုဒ်မှာ **"သစ်တောများနှင့် စီးပွားရေး (Forests and Economies)"** ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးရာတွင် သစ်တောများ၏ မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍကို အလေးထားပြီး ဂုဏ်ပြု လျက် အောက်ဖော်ပြပါအတိုင်း မီးမောင်း ထိုးဖော်ပြထားသည်-

❖ သစ်တောများသည်ကမ္ဘာ့ကုန်းနေ ဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်း၏ ခိုလှုံရာဖြစ်ပြီး သစ်ပင်မျိုးစိတ် ပေါင်း ခြောက်သောင်းကျော်ပါဝင် လျက်ရှိကြောင်း၊

❖ သစ်တောများသည် ကမ္ဘာ့စီးပွား ရေးကို မောင်းနှင်ပေးလျက်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်း များစွာ၏ အလုပ်အကိုင်များကို လည်း ထောက်ပံ့ပေးလျက်ရှိ ကြောင်း၊

❖ အမေရိကန်ဒေါ်လာ ၄၄ ထရီလီယံ ခန့်တန်ဖိုးရှိသော စီးပွားရေး လုပ်ငန်းများသည် သစ်တောများ အပါအဝင်သဘာဝဂေဟစနစ်များ အပေါ် အားထားဆောင်ရွက်နေ ကြောင်း၊

❖ ကမ္ဘာ့လူဦးရေ**၁ ဒသမ ၆ ဘီလီယံ ခန့်သည်** အစားအစာ၊ ခိုလှုံစရာ၊ **စွမ်းအင်၊ ဆေးဝါးများနှင့် ဝင်ငွေ အတွက် သစ်တောများ**အပေါ် တိုက်ရိုက်မှီခိုလျက်ရှိပြီး **လူဦးရေ ၃၃ သန်း**အတွက် အလုပ်အကိုင် ဖန်တီးပေးလျက်ရှိကြောင်း၊

❖ လက်ရှိအချိန်တွင် ကမ္ဘာနှင့် တစ်ဝန်း နှစ်စဉ် သစ်ထုတ်လုပ်မှု ပမာဏမှာ ခန့်မှန်းအားဖြင့် ကုဗမီတာ ၄ ဘီလီယံခန့်ရှိ ကြောင်းနှင့် ၂၀၅၀ ပြည့်နှစ် အရောက်တွင် စက်မှုလုပ်ငန်းသုံး သစ်လုံး (industrial roundwood) ကုဗမီတာ ၁ ဘီလီယံခန့် ထပ်မံ လိုအပ်လာနိုင်ကြောင်း၊

❖ ကမ္ဘာတစ်ဝန်းရှိလူဦးရေ၅ ဒသမ ၈ ဘီလီယံခန့်သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး အတွက် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ (Non–Timber Forest Products–NTFPs) ကို အရေးပါသောအရင်းအမြစ် အဖြစ် အသုံးပြုလျက်ရှိကြောင်း၊

❖ အစားအစာများ၊ ဆေးဝါးများ၊ သစ်စေးများ (Resins)၊ အလှဆင် အပင်များနှင့် တိရစ္ဆာန်အစာ (Fodder) များအပါအဝင် သစ် မဟုတ်သော သစ်တောထွက် ပစ္စည်းထုတ်ကုန်များသည် ကမ္ဘာ လုံးဆိုင်ရာအဆင့်တွင် နှစ်စဉ် အနည်းဆုံး အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၁ ဘီလီယံခန့်တန်ဖိုး ရှိကြောင်း၊

❖ ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၂ ဘီလီယံကျော်သည် ထင်းနှင့် မီးသွေးတို့ကို နေ့စဉ်ချက်ပြုတ်ရေး နှင့် အပူပေးရေးဆိုင်ရာ စွမ်းအင် အရင်းအမြစ်များအဖြစ် အသုံးပြု လျက်ရှိကြောင်းနှင့် သစ်အခြေပြု ခေတ်မီလောင်စာတောင့်(Wood Pellets) များကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် အပူစွမ်းအင် အသုံးချရေးစသည့်စက်မှုလုပ်ငန်း များတွင် ကျယ်ပြန့်စွာ အသုံးပြု လျက်ရှိကြောင်း ဖော်ပြထား သည်။

ယနေ့ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအတွင်း သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေး ဖွံ့ဖြိုးမှုသဘောတရားအခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ဇီဝစီးပွားရေး (Bioeconomy)၊ အစိမ်းရောင်စီးပွားရေး (Green Economy)၊ စက်ဝိုင်းပုံစီးပွားရေး (Circular Economy) နှင့်အပြာရောင်စီးပွား ရေး (Blue Economy) မော်ဒယ်များ သည် သဘာဝအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှ ရေရှည် တည်တံ့စွာ စီမံခန့်ခွဲအသုံးချနိုင်ရေးသို့ ပြောင်းလဲစေသော အဓိက လမ်းညွှန်ချက် များဖြစ်လာနေသည်။ ဤစနစ်များအားလုံး ၏ အခြေခံတန်ဖိုးမှာ သဘာဝအရင်းအမြစ် များကို ထိန်းသိမ်းကာကွယ်ခြင်း၊ တန်ဖိုးမြှင့် အသုံးချခြင်းနှင့် မျိုးဆက်သစ်များအတွက် အရင်းအမြစ်များ ဆက်လက်ကျန်ရှိစေရန် အာမခံပေးခြင်းတို့ဖြစ်သည်။

သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးသည် တိုက်ရိုက်ဆက်စပ်နေသည် ဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန် လာမည်ဖြစ်သည်။ သစ်တောများသည် စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အခြေခံ အုတ်မြစ်တစ်ခုဖြစ်သည့်အတွက် စီးပွားရေး တည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရန် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို အနာဂတ်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ကာ တိုးမြှင့်ဆောင်ရွက်ကြ ရမည်ဖြစ်သည်။ ခေတ်မီနည်းစနစ် များ၊ တီထွင်ဆန်းသစ်မှုများဖြင့် ရင်းနှီး မြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ကာ **သစ်တော သယံဇာတများထိန်းသိမ်းနိုင်ရန်၊ သစ်တော ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။** သစ်တောထိန်းသိမ်းရေးနှင့် သစ်တော အခြေခံဖွံ့ဖြိုးတိုးတက်မှုများကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်နိုင်ပါက စီးပွားရေး တိုးတက်မှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို သဟဇာတမျှတစွာ တစ်ပြိုင်နက်တည်း အောင်မြင်နိုင်မည်ဖြစ်သည်။

တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အတွက် သဘာဝတောများကို ရေရှည် တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ် ခြင်း၊ တောနိမ့်တောကျဲပါးနေရာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ဂေဟစနစ် အမျိုးမျိုးတွင် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တော နယ်မြေပြင်ပသစ်ပင်များ (Trees Outside Forests) စိုက်ပျိုးထိန်းသိမ်းခြင်း၊ သစ်ပင် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်း များတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့် ဆောင်ရွက်ခြင်း၊ အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှု များတိုးပွားလာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးကို ပိုမိုအထောက်အကူပြု လာနိုင်မည်ဖြစ်ပါကြောင်း **"အပြည်ပြည် ဆိုင်ရာသစ်တောများနေ့"** ကို ဂုဏ်ပြု အပ်ပါသည်။ ။

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha အား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Ukris Boontanondha တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**နေပြည်တော် မတ် ၁၈**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ရှိ Jasmine ဟိုတယ်သို့ ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) က ကြိုဆိုနှုတ်ဆက်၍ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)တို့က အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၄)ခန်းတွဲ၊ (၅)ထပ် မလိခနိုင်ငံ့ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများက မလိခနိုင်ငံ့ဝန်ထမ်းအိမ်ရာ အဆောက် အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် မလိခနိုင်ငံ့ဝန်ထမ်းအိမ်ရာ အဆောက် အအုံသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၁၈**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် (၄)ခန်းတွဲ၊ (၅)ထပ် မလိခနိုင်ငံ့ဝန်ထမ်းအိမ်ရာအဆောက်အအုံ သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံသစ်ရှေ့၌ပြုလုပ်ရာ ကချင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူ များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားပြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အဆိုပါ အဆောက်အအုံသစ်တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ဝန်ထမ်းအိမ်ရာဆိုင်းဘုတ်အား အမွှေးနံ့သာ ရည်များဖြင့် ပက်ဖျန်းပေးပြီး အဆောက်အအုံသစ်အတွင်းသို့ လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ဘင်ခရာအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ၁၈-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

၁၈-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မိတ္ထီလာ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

● **ကျောဖုံးမှအဆက်**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နီနီမာက ထောက်ခံသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူကို သဘာပတိအဖြစ်တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာသည်။

ထို့နောက် သဘာပတိ ဒေါ်ဒွဲဘူက အမျိုးသားလွှတ်တော်၏ ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးအောင်လင်းဒွေးနှင့် Jeng Phang နော်တောင်တို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။





သဘာပတိက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးထံ တာဝန်လွှဲအပ်စဉ်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။





တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

ဆက်လက်၍ သဘာပတိက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၃) ဦးစလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်မြင့်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းဒွေး တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ထောက်ခံသည့်အတွက် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၁)အရ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းဒွေးအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ထွန်းက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Jeng Phang နော်တောင်တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်က ထောက်ခံသည့်အတွက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Jeng Phang နော်တောင်အား ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးအောင်လင်းဒွေးနှင့် Jeng Phang နော်တောင်တို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးထံ တာဝန်လွှဲအပ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

**(အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကားအပြည့်အစုံကို စာမျက်နှာ ၁၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ဥက္ကဋ္ဌ၏နှုတ်ခွန်းဆက်စကား

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား–**

ယနေ့ **တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်**အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ဟာဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ တတိယအကြိမ် အမျိုးသားလွှတ်တော်စတင်တဲ့ သမိုင်းမှတ်တမ်းတင်ဂုဏ်ယူစရာ နေ့တစ်နေ့ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား ကျွန်တော့်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ပေးခဲ့ကြတဲ့အတွက် အထူးကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်းနဲ့ ကျွန်တော့်ဘဝရဲ့ မှတ်တိုင်တစ်ခုအဖြစ် စွဲမြဲစွာမှတ်သားထားရှိသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။




ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ဖို့အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဟာ မဖြစ်မနေလုပ်ရမယ့်လုပ်ငန်းစဉ်ဖြစ်တာကြောင့် အခက်အခဲများစွာကြားကပင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတတဲ့ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒီလိုရွေးကောက်ပွဲအောင်မြင်စွာကျင်းပပေးနိုင်ခဲ့လို့လည်း ယနေ့ ပြည်သူများရွေးကောက်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကြီးကို တက်ရောက်လာနိုင်ကြတာပဲဖြစ်ပါတယ်။

လွှတ်တော်ဆိုတာ ဥပဒေပြုရေးအာဏာကို ပြည်သူလူထုထံမှရရှိထားတဲ့ ဥပဒေပြုအဖွဲ့အစည်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းဆိုတဲ့ တာဝန်တွေကို ထမ်းဆောင်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့အခန်းကဏ္ဍဟာကြီးမားသလို လွှတ်တော်ကိုယ်စားလှယ်များရဲ့အခန်းကဏ္ဍဟာလည်း အရေးပါလှပါတယ်။

အမျိုးသားလွှတ်တော်ကိုဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ အရ ဖွဲ့စည်းထားတာဖြစ်ပြီး ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများမှ ရွေးကောက်ခံကိုယ်စားလှယ်များနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းထားတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ဖြစ်တာကြောင့် ပြည်ထောင်စုစိတ်ဓာတ်နဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကို ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ယခုကျင်းပတဲ့ တတိယအကြိမ် လွှတ်တော်ဟာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနဲ့အညီ မဲအများဆုံးရသူ အနိုင်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်တို့ကိုပေါင်းစပ်ဖြစ်ပေါ်လာတဲ့လွှတ်တော်ဖြစ်တဲ့အတွက် ထူးခြားစွာပေါ်ပေါက်လာတဲ့လွှတ်တော်ပဲဖြစ်ပါတယ်။

လွှတ်တော်လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ အချင်းချင်း ယဉ်ယဉ်ကျေးကျေးနဲ့ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ဆက်ဆံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာကြရမှာဖြစ်သလို လွှတ်တော်ကသတ်မှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း လိုက်နာကြရမှာဖြစ်ပါတယ်။ လွှတ်တော်ထဲရောက်လာချိန်မှာ ပါတီအရောင်အသွေးမခွဲခြားဘဲ ပြည်သူလူထုအကျိုးစီးပွားကိုရှေးရှုပြီး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေးကြဖို့ တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူအများက ယုံကြည်စွာရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ မိမိတို့ကို ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူတို့ရဲ့အသံကိုနားထောင်ပြီး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။ ပြည်သူလူထုကရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် ပြည်သူ့အကျိုးကို ရှေ့တန်းတင်ဆောင်ရွက်ကြရန် တာဝန်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ရမှာဖြစ်တဲ့အတွက် ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမားဖော်ဆောင်နိုင်အောင် ကိုယ်စားလှယ်တွေရဲ့အရည်အချင်းတိုးတက်မြင့်မားစေဖို့ စဉ်ဆက်မပြတ်လေ့လာသွားကြရမှာဖြစ်ပါတယ်။

ဥပဒေပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေမှုတွေကို ဖော်ဆောင်ပေးမယ့် ဥပဒေတွေပြဋ္ဌာန်းပေးတာ၊ ခေတ်စနစ်နဲ့ လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းတာတွေ၊ ခေတ်စနစ်နဲ့လျော်ညီမှုမရှိတော့တဲ့ဥပဒေတွေကို ရုပ်သိမ်းတာတွေ ဆောင်ရွက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခွင့်ရတဲ့အချိန်မှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကို ရှေးရှုဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်ရဲ့ထုံးတမ်းအစဉ်အလာတွေကို တိကျစွာ လေးစားလိုက်နာပြီး သမာသမတ်ကျစွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟုတိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်ပျိုးပင်များထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့်အတူ လိုက်နာဆောင်ရွက်ရမည့် နည်းပညာဆိုင်ရာထောက်ခံအကြံပြုချက်များ တစ်ပါတည်းဆောင်ရွက်

နေပြည်တော် မတ် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် မွန်ပြည်နယ် မုဒုံမြို့ ကျုံဖိုက်ကျေးရွာအနီးရှိစိုက်ပျိုးရေးဦးစီးဌာန ကန်ကလေးခြံသို့ရောက်ရှိပြီး ဒူးရင်းသီးနှံအား သီးထွက်စောစွာရရှိရန် သုတေသနပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဒူးရင်းသီးနှံအား သီးထွက်စောစွာရရှိရန် သုတေသနပြုတွေ့ရှိချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဒူးရင်းစိုက်တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေး နည်းပညာပေးဆောင်ရွက်ရန်၊ မိမိတို့ခြံမှ မျိုးသန့်မျိုးပွားထားသည့် ဒူးရင်းမျိုးများကို တောင်သူများလိုသလောက်ဝယ်ယူစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် မိမိတို့ခြံအတွင်း တောင်သူများလက်တွေ့ဝင်ရောက်လေ့လာနိုင်အောင် ဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားသည်။

ကန်ကလေးခြံအနေဖြင့် စိုက်ပျိုးနည်းပညာပြန့်ပွားရေးနှင့် ဒေသသုတေသနလုပ်ငန်းများအပြင် ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော၊ မင်းကွတ်၊ ပိန္နဲ(ယိုးဒယား)၊ ကနစိုး၊ သစ်တို၊ အုန်း၊ အုန်းချိုမွှေး၊ ငှက်ပျောစသည့် ရေမြေဒေသနှင့်ကိုက်ညီသော သစ်သီးဝလံသီးနှံမျိုးများကို ကိုင်းဆက်၊ အဖူးမြှုပ်၊ မြေထုပ်စီး၊ အစေ့ပျိုးနည်းတို့ဖြင့် မျိုးကောင်းမျိုးသန့်ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံခြံ)ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြေယာအသုံးချမှုနှင့် ပတ်သက်၍ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်စေရေး ဂရုပြုဆောင်ရွက်ရန်၊ ရော်ဘာအထွက်နှင့် အရည်အသွေးမြင့်မားရေးအတွက် လိုအပ်သောစီမံဆောင်ရွက်မှုများ ကြပ်မတ်ဆောင်ရွက်ရန်၊ မိမိတို့ဌာနခြံမှ ပျိုးပင်ဖြန့်ဖြူးပေးခြင်းနှင့်အတူ ရော်ဘာအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်နည်းပညာဆိုင်ရာထောက်ခံအကြံပြုချက်များ တစ်ပါတည်းနည်းပညာပေးဆောင်ရွက်ပေးရန်၊ စိုက်ပျိုးလုပ်ကိုင်သူအတွက် အကျိုးဖြစ်ထွန်းနိုင်စေရေးနှင့် ထုတ်လုပ်တင်ပို့မှုကွင်းဆက်တစ်လျှောက်တရားဝင်ဆောင်ရွက်နိုင်ရေး အသိပညာပေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ရော်ဘာပင်များအကြားတွင် ကိုကိုးနှင့်ကော်ဖီသီးနှံများ စိုက်ပျိုးအောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(မော်လမြိုင်ခြံ)ကို ကြည့်ရှုစစ်ဆေးပြီး နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ တိုးတက်အောင်ဆောင်ရွက်ရန်၊ စိုက်ပျိုးပညာပေးရေးလုပ်ငန်း ထိရောက်စွာဆောင်ရွက်ရန်၊ စီးပွားရေးတွက်ခြေကိုက်သော နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

MYAWADY IN ENGLISH


www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing receives delegation led by Commander-in-Chief of Royal Thai Armed Forces

NAY PYI TAW March 18

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing received a delegation led by Commander-in-Chief of the Royal Thai Armed Forces General Ukris Boontanondha at the parlour of Zeyathiri Villa here this morning.

Also present at the call were Vice Chairman of SSPC Commander-in-Chief of Defence Services Vice-Senior General Soe Win, SSPC Secretary Commander-in-Chief (Army) General Ye Win Oo, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, senior military officers from the Office of the Commander-in-Chief. The Commander-in-Chief of the Royal Thai Armed Forces was accompanied by Chief of Joint Staff General Chitchanok Nujjaya and senior military officers fromRoyal Thai Armed Forces, Thai Military Attache (Army) in Myanmar and officials.



Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing receives Commander-in-Chief of the Royal Thai Armed Forces General Ukris Boontanondha.

During the call, cordial discussions were centred on the time-honored and excellent diplomatic relations and close cooperation between the two countries and militaries, further promotion of bilateral military cooperation, regional and border peace and stability, prevention of illicit trade through the common border, counternarcotic campaigns, reduction of transboundary haze, environmental conservation, cooperation in training programs between the armed forces of the two countries, cooperation in effective elimination of online scam, holding of Myanmar-Thai high-level committee (HLC) meetings, successful holding of a multi-party democracy general election in Myanmar as a free and fair and clean and dignified one and the ongoing parliamentary sessions, recent elections and current parliamentary sessions in Thailand and further cementing of military cooperation between Myanmar and Thailand.

After the call, Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and General Ukris Boontanondha exchanged commemorative gifts and posed for documentary photos together with the attendees.

**100**

## A message sent by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 52nd Anniversary of Mon State Day

**Esteemed national brethren in Mon State,**

On the auspicious occasion of the 52nd Anniversary of Mon State Day, which falls on 19 March 2026, I extend my heartfelt wishes and loving-kindness for all Mon ethnic brethren in Mon State and across various regions, as well as for all ethnic peoples of the Union throughout the country, to enjoy good health and physical and mental well-being, and to have all their good intentions and aspirations fulfilled.

The Mon State Day is an honourable and auspicious day with significant identities for Union-born Mon ethnic people.

Mon State is located in lower Myanmar, between Bago Region, Kayin State, and Taninthayi Region. The ancient name of the Mon ethnic group was "Raman" in the Mon language, which, through successive changes, came to be known as "Mon," according to historical records. The region where the Mon people first settled, known as "Ramanya," means a pleasant or delightful land. In earlier times, before it was designated as Mon State, the territory that now forms Mon State was part of Taninthayi Region.

In order to gain a separate Mon State, various Mon organizations including the All Ramanya Mon Association, the Mon National Asiayone, and other Mon groups collectively made efforts and appeals so that the Mon ethnic group could preserve and promote their literature and distinct cultural heritage more widely. As a result, under the 1974 Constitution of the Socialist Republic of the Union of Myanmar, No 1 Taninthayi Division was designated as Mon State.

After the State was officially designated as a separate state by the government, Mon ethnic people within Mon State determined that 19 March 1974—the date on which the draft Constitution was submitted—would be observed as Mon State Day. From then onward, commemorative ceremonies have been held annually in a grand and lively manner, and in 2026 the celebration has reached its 52nd Anniversary.

Within Mon State, the majority of the population consists of Mon and Bamar people, while other ethnic groups such as Kayin, Shan, and Pa-O also live together in harmony and peace. The Mon are among the earliest peoples to have settled in Myanmar, and historical evidence from ancient Mon stone inscriptions and literary sources indicates that they possessed a high level of cultural development and were among the first to adopt Buddhism.

Mon State which had been formed with 10 townships in two district was reorganized with two additional districts starting from 30 April 2022. So, it totals 10 townships in four districts with accelerating efforts for overall development to ensure peace and stability and improve economic and social measures.

Mon State is located along the coastline and serves not only as a coastal region but also as an important hub with favourable transport routes for trade and commercial processes, including a key central port. In addition, it enjoys a pleasant climate, with scenic mountains and rivers, lush green forests, abundant natural resources, and plentiful local fruits and produce, making it a region with rich natural endowments and favourable conditions.

In terms of religion and the Buddhism, Mon State is distinguished by many

**See Page - 19►►**

►► From Page - 18

prominent and historically significant temples and stupas, including the revered Kyaiktiyo Pagoda, Kyaikpawlaw Hmeshintaw Pagoda, Hsandawshin Kyaikthanlan Pagoda, Kyaikmaraw Hsutaungpyae Pagoda, and Kyaikkhami Mid-streamed Pagoda. These sacred sites reflect the flourishing glory of the Buddhism. Owing to the dedicated efforts of religious figures and the Venerable Shin Arahan, historical records clearly show that the region became a centre where the true Theravada Buddhism prospered and spread, which is a matter of great pride.

**Esteemed national brethren,**

At the present time, our country is in a period of transition towards becoming a nation that practises a democratic system, in accordance with the aspirations of the people, where the fundamental principles of justice, liberty, and equality can flourish. In building a democratic nation, it is essential for all citizens to uphold unity, maintain discipline, respect and abide by the rule of law, and possess sound knowledge and awareness.

In line with the objective of the National Defence and Security Council, and in order to advance along the democratic path desired by the people, the multi-party democratic general elections 2025 were successfully held in three phases. The Pyithu Hluttaw convened on 16 March 2026, and the Amyotha Hluttaw on 18 March 2026. Hluttaw sessions, including the process of electing the President, are being carried out according to schedule, and in the near future, a new Union Government led by the newly elected President will emerge.

**Esteemed national brethren,**

In order to effectively and successfully implement national tasks within a short period of time, I would like to earnestly urge intellectuals and intelligentsia from various sectors, and ethnic peoples across the country to actively and unitedly cooperate with the new government that will emerge.

In promoting national economic development, efforts are being made to implement key and fundamental sectors such as education, healthcare, rule of law, and the improvement of transport. In carrying out production activities, it is essential to ensure the development and success of micro, small, and medium-sized enterprises (MSMEs), which form the most basic foundation of the economy.

To commemorate the 79th Anniversary of Union Day this year, a Union-level MSME Products Exhibition and Market Fair was held in Nay Pyi Taw, with ethnic entrepreneurs from various states and regions, including Mon State, participating to display and sell their products. Beyond economic development alone, the event brought multiple benefits, including fostering friendship and closer relations among entrepreneurs from different regions, strengthening unity, promoting mutual assistance, exchanging traditional customs, cultures and knowledge, establishing market linkages, and enhancing the ability to produce value-added domestic products capable of entering international markets. Given that Mon State possesses favorable natural conditions and abundant resources, expanding the agriculture, livestock, and production sectors would increase the income of local people, reduce poverty, and further improve socioeconomic living standards. Therefore, I would like to strongly urge that these activities be carried out with emphasis on integrating technology to produce value-added products.

**Esteemed national brethren,**

To promote the development of the education sector, the State is implementing compulsory education up to KG+9, with the aim of fostering a society enriched with knowledge and well-rounded in the five strengths. Efforts are being made to increase school enrollment rates among all school-age children, ensure students achieve academic proficiency, improve grade transition rates, and facilitate the transformation from basic schooling to broader knowledge and intellectual development. I would like to urge continued emphasis on these priorities.

At present, it is necessary to nurture young people who represent the strength of the future by enhancing their character and capabilities so that they become well-rounded and capable individuals. In addition, systematic efforts are required to cultivate good moral conduct among youth, instill patriotism, and encourage a sense of responsibility to safeguard the nation and uphold its dignity.

It can be assessed that the internal conflicts and the lack of national stability experienced over successive periods have stemmed, in part, from weaknesses in education among those concerned. When knowledge and awareness are lacking, individuals may follow incitement and agitation by destructive elements without critical thinking or sound judgment, thereby undermining national stability. The State is therefore prioritizing efforts to ensure equal access to education across the country, including in ethnic regions.

Accordingly, I would like to urge Mon State as well to work in cooperation towards achieving progress and success in the education sector in line with set objectives.

**Esteemed national brethren,**

In the health sector, the State has been consistently undertaking measures to ensure that all citizens have access to basic healthcare services, including supplying hospitals with adequate medicines and medical equipment, providing free medical treatment, and appointing healthcare personnel.

To improve the socio-economic conditions of all citizens, the government has also been upgrading the transport sector. As part of efforts to promote all-round development in Mon State and facilitate the flow of goods both domestically and internationally, two key bridges—the new Gyaing (Zathabyin) Bridge and the new Attaran Bridge—were inaugurated on 8 March. With the opening of these two bridges, travel will become more convenient, enabling easier access from Mon State and Kayin State to the Mawlamyine Special Economic Zone and the Dawei Deep-Sea Port, as well as to other parts of the country, thereby accelerating the flow of goods both domestically and abroad.

In conclusion, I would like to emphasize that, as history teaches us, unity among ethnic groups is critically important for preserving the Union, maintaining national stability and peace, and upholding the rule of law. Achieving peace and unity is essential to ending armed conflicts and violent disturbances so that all ethnic peoples can live safely and securely within the Union. As the ethnic brethren in Mon State participate in building a Union based on democracy and a federal system—the system desired by all ethnic peoples—I urge them to act with a spirit of national solidarity and patriotism, ensuring that the interests of the State, the region, and the entire nation and its people are upheld. Moreover, I extend my heartfelt wishes that Mon State and all Mon ethnic peoples may always enjoy lasting peace, prosperity, and happiness, and I respectfully pay tribute on the occasion of the 52nd Anniversary of Mon State Day.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President, the Republic of the Union of Myanmar**
**Chairman, the State Security and Peace Commission**

# Local farmers grow chickpea exceeding the target cultivation in Pwintbyu Township

PWINTBYU March 18

Agriculture Department in Pwintbyu Township of Magway Region stated that local farmers planted chickpea on the croplands exceeding the earmarked cultivation in Pwintbyu Township.

Local farmers cultivated 57,120 acres of chickpea from October 2025 to date, although local authorities earmarked cultivation of 52,051 acres of crops in Pwintbyu Township.

"In Pwintbyu Township, during the winter crop cultivation season, a target of 52,051 acres of chickpea was set, and as of today cultivation has been completed on 57,120 acres. As a result, planting has exceeded the designated target acreage. Chickpea cultivation has been expanding year by year. To help chickpea farmers achieve good yields and quality, we are conducting field-level support by providing quality seeds, agricultural inputs, cultivation techniques, and post-harvest technologies," said Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture.

In Pwintbyu Township, local farmers cultivating winter chickpea reportedly choose high-yielding varieties suitable for local conditions, such as Yezin-4 and Yezin-6. Cultivation costs for chickpea amount to more than Ks-300,000 per acre. Farmers grow chickpea both as a sole crop and in intercropping systems with other crops to increase income. Staff members from the Township Department of Agriculture are working together with farmers to ensure that cultivated chickpea fields achieve target yields by providing necessary agricultural technologies, pest and disease prevention and control measures, and systematic fertilizer application.

"If chickpea can be cultivated with improved productivity and yields, it will not only ensure sufficient supply for local consumption but also allow surplus production to be sold, generating income and contributing to socio-economic development. Therefore, efforts should be made to further expand chickpea cultivation across different areas," Daw Moe Moe Wai added.

**SK**

# US unlikely to withdraw from Iran anytime soon because of Hormuz Strait crisis - reports

WASHINGTON March 18

The United States is unlikely to end its military operation against Iran in the near future due to the instability surrounding the Strait of Hormuz, Axios reported on Wednesday, citing officials.

The US and Israel are currently working very closely in terms of Iran campaign, US President Donald Trump's advisers told Axios.

However, the core objectives of the US and Israel vary. Washington seeks decimating Iran's missile and nuclear programs, as well as destroy the enemy's navy and proxy funding, while Tel Aviv pursues regime change in Tehran, the report said.

On February 28, the United States and Israel launched strikes on targets in Iran, including in Tehran, causing damage and civilian casualties. Iran responded by striking Israeli territory and US military facilities in the Middle East.

The escalation around Iran has led to the de facto halt of traffic in the Strait of Hormuz, a key route for deliveries of oil and liquefied natural gas from the Persian Gulf countries to the global market, affecting oil exports and production in the region.

**Sputnik**

# Russia's Rosatom condemns attack on Bushehr nuclear power plant in Iran

MOSCOW March 18

Alexei Likhachev, head of Russia's state nuclear corporation Rosatom, on Tuesday condemned a strike near Iran's Bushehr Nuclear Power Plant (NPP), warning of risks to nuclear safety.


Likhachev told RIA Novosti that the attack, carried out in proximity to the plant's operational power unit, was the first of its kind since the start of U.S. and Israeli military actions against Iran.

Likhachev said the strike took place at 6:11 p.m. Moscow time (1511 GMT) on Tuesday. He said that Russia condemns the attack, calling on all parties to dee-scalate tensions around the facility.

"Firing on operating nuclear energy facilities is a flagrant disregard for the key rules and principles of international security," Likhachev added.

Likhachev said that Rosatom has begun preparations for the third stage of evacuating Russian employees from the Bushehr NPP. Currently, 480 Rosatom employees remain at the station.

In a separate statement, the Atomic Energy Organization of Iran said the strike caused no material damage or casualties, but described it as a violation of international legal norms.



On Sunday, Rafael Grossi, director general of the International Atomic Energy Agency, warned in an interview with the Russian daily newspaper Kommersant about extreme risks to the Bushehr NPP, calling the situation around it his main concern amid the war in the Middle East.

**Xinhua**

# Qatar condemns Israeli targeting of Iran's natural gas facilities

DOHA March 18

Qatar's Foreign Ministry spokesman Majed Al-Ansari on Wednesday condemned the Israeli targeting of facilities linked to Iran's South Pars gas field, which is an extension of Qatar's North Field.

In a statement on X, Al-Ansari warned that targeting energy infrastructure in the region threatens global energy security and regional stability, describing it as a "dangerous and irresponsible step" amid the ongoing military escalation.

He added that attacks on energy infrastructure pose risks not only to global energy supplies but also to the peoples of the region and the surrounding environment.

Al-Ansari reiterated Qatar's longstanding position on the need to avoid targeting vital facilities and called on all parties to exercise restraint and adhere to international law.

He also urged efforts toward de-escalation in a manner that preserves the security and stability of the region.

Earlier in the day, Iranian state media reported that Iran's natural gas facilities associated with the offshore South Pars field had been attacked.

**Xinhua**

# Iran's President confirms death of country's Intelligence Minister

TEHRAN March 18

Iranian President Masoud Pezeshkian confirmed on Wednesday the death of Iranian Intelligence Minister Esmaeil Khatib.

"The cowardly assassination of my dear colleagues Esmaeil Khatib, (Secretary of the Iranian Security Council) Ali Larijani and (Defence Minister) Aziz Nasirzadeh, as well as some members of their families and those accompanying them, plunged us into sorrow," Pezeshkian said on X.

Earlier, Israeli Defence Minister Israel Katz said that Iran's Intelligence Minister Esmail Khatib had been "eliminated" in an overnight strike. He added that he and Israeli Prime Minister Benjamin Netanyahu had authorised the military to target other senior Iranian officials without requiring further approval.

**Sputnik**

# 9 killed in massive building fire in Indian capital



NEW DELHI March 18

At least nine people were killed and three others injured on Wednesday in a devastating fire inside a multi-story building in the Indian capital city Delhi, police said.

The fire broke out in a clothes and cosmetics shop inside a four-story building at Ram Chowk Market near Palam area of the city.

"Twelve people were brought to the hospital, and out of them, nine were declared dead on arrival and three were injured," a senior police official, Abhimanyu Poswal, said. "The deceased were identified as two men, four women and three children."

Poswal said forensic and crime teams are investigating the cause, and legal proceedings have been initiated.

According to police, the second and third floors of the building were residential units. **Xinhua**

# Argentina formally withdraws from WHO

BUENOS AIRES March 18

Argentina formally withdrew from the World Health Organization (WHO) on Tuesday, Foreign Minister Pablo Quirno said.

He said in a social media post that Argentina communicated this decision through a note addressed to the United Nations Secretary-General on March 17, 2025.

In accordance with the Vienna Convention on the Law of Treaties, the withdrawal takes place one year after that notification.

"Our country will continue to promote international cooperation in health through bilateral agreements and regional forums, fully safeguarding its sovereignty and its capacity to make decisions regarding health policies," Quirno said.

The Argentine government announced the decision to withdraw from the global health body in February last year.

Presidential spokesperson Manuel Adorni told a press conference at the time that President Javier Milei had instructed the Argentine foreign minister to withdraw the country's participation in the UN specialized agency.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 45 it is said that … he is said to … he is supposed to …

## Exercises

**45.4 Write sentences with supposed to … or not supposed to … . Choose from the following verbs:**

**depart lift park phone put start**

1 You 're not supposed to park your car here. It's private parking only.
2 We ........................ work at 8.15, but we rarely do anything before 8.30.
3 I ........................ Helen last night, but I completely forgot.
4 This door is a fire exit. We ........................ anything in front of it.
5 My flight ........................ at 10.15, but it didn't leave until 11.30.
6 Jonathan has a problem with his back. He ........................ anything heavy.

## Unit 46 **have** something **done**

A Study this example situation:



The roof of Lisa's house was damaged.
So she called a builder, and yesterday he came and repaired it.
Lisa **had** the roof **repaired** yesterday.
This means: Lisa arranged for somebody else to repair the roof. She didn't repair it herself.

If you **have something done**, you arrange for somebody to do it for you.
Compare:

- Lisa **repaired** the roof. (= she repaired it herself)
  Lisa **had** the roof **repaired**. (= she arranged for somebody else to repair it)
- A: Did you **make** those curtains yourself?
  B: Yes, I like making things.
  A: Did you **have** those curtains **made**?
  B: No, I made them myself.

B Study the word order:


| **have** | object | past participle |
|---|---|---|
| Lisa **had** | the roof | **repaired.** |
| Where did you **have** | your hair | **cut?** |
| We are **having** | the house | **painted.** |
| I think you should **have** | that coat | **cleaned.** |
| I don't like **having** | my picture | **taken.** |

We say:

- How oft en do you **have your car serviced**? (not have serviced your car)
- Our neighbour is **having a garage built**. (not having built a garage)
- Your hair looks nice. Did you **have it cut**?

**Raymond Murphy**

## စမ်းသပ်ဆေးတစ်မျိုးက မကောင်းတဲ့ကိုလက်စထရောကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်



အင်လီစီတိုက် (Enlicitide) လို့ခေါ်တဲ့ စမ်းသပ်အဆင့် ဆေးအသစ်တစ်မျိုးဟာ ခန္ဓာကိုယ်ထဲက မကောင်းတဲ့ကိုလက်စထရော(LDL) ပမာဏကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်တယ်လို့ တတိယအဆင့် လက်တွေ့စမ်းသပ်မှုတွေအရသိရပါတယ်။ သူက နေ့စဉ်သောက်သုံးရတဲ့ ဆေးတောင့်မျိုးဖြစ်ပြီး ကိုလက်စထရောပမာဏကို မထိန်းချုပ်နိုင်သူ သန်းပေါင်းများစွာအတွက် နှလုံးရောဂါဖြစ်နိုင်ခြေနဲ့ လေဖြတ်နိုင်ခြေကိုပါ လျှော့ချပေးနိုင်မယ့် နည်းလမ်းအသစ်တစ်ခုဖြစ်လာနိုင်ပါတယ်။

ယူတီအနောက်တောင်ပိုင်း ဆေးဘက်ဆိုင်ရာစင်တာမှ နှလုံးအထူးကုဆရာဝန် ဒေါက်တာအန်းမာရီနာဗာ ဦးဆောင်တဲ့ ဒီသုတေသနမှာ ပါဝင်အစမ်းသပ်ခံသူများဟာ စတက်တင် (Statin) ဆေးတွေကို သောက်နေပေမယ့် ကိုလက်စထရောပမာဏ မြင့်မားနေဆဲဖြစ်သူတွေဖြစ်ပါတယ်။ ယခုဆေးအသစ်ဟာ သွေးကြောထဲက LDL ကို ဖယ်ရှားပေးတဲ့ အသည်းကလာပ်စည်းတွေပေါ်က Receptor အရေအတွက်ကို လျှော့နည်းစေတဲ့ PCSK9 ပရိုတင်းကို ဟန့်တားပေးတာပါ။

အရင်က ဒီလိုလုပ်ဆောင်ဖို့ထိုးဆေးတွေကိုပဲ အသုံးပြုရပေမယ့် အခုဆေးကတော့ ဆေးတောင့်ပုံစံနဲ့ ထိရောက်မှုရှိတာကို တွေ့ရပါတယ်။ လက်ရှိမှာ ဒီဆေးကြောင့် နှလုံးရောဂါဖြစ်ပွားမှု တိုက်ရိုက်လျော့ကျခြင်းရှိ၊ မရှိကို ဆက်လက်လေ့လာနေကြပါတယ်။ **Ref: IE**

**ကိုထက်**

## အမေရိကန်ရေတပ်က ဒေါ်လာ ၇၁ သန်းတန် စက်ရုပ်စီမံကိန်းစတင်

အမေရိကန်ရေတပ်က သင်္ဘောတွေကို ပြုပြင်ထိန်းသိမ်းမှု ပိုမိုမြန်ဆန်လာစေဖို့နဲ့ တိုက်ပွဲဝင်အသင့်ဖြစ်မှုနှုန်းကို မြှင့်တင်နိုင်ဖို့အတွက် ဂက်ကိုကုမ္ပဏီနဲ့ ဒေါ်လာ ၇၁ သန်းတန်စာချုပ်တစ်ခု ချုပ်ဆိုလိုက်ပါတယ်။

ဒီစီမံကိန်းမှာ AI နည်းပညာပါဝင်တဲ့ စက်ရုပ်တွေကို အသုံးပြုပြီး ပစိဖိတ်ရေယာဉ်စုရှိ သင်္ဘော ၁၈ စင်းမှာ စတင်စမ်းသပ်မှာဖြစ်ပါတယ်။ အဲဒီစက်ရုပ်တွေထဲမှာ နံရံကပ်တက်နိုင်တဲ့စက်ရုပ်တွေလည်းပါဝင်ပြီး ဒရုန်းတွေနဲ့ အာရုံခံကိရိယာတွေကို အသုံးပြုကာ သင်္ဘောကိုယ်ထည်နဲ့ အတွင်းပိုင်းအစိတ်အပိုင်းတွေကို စစ်ဆေးသွားမှာပါ။

ဒီနည်းပညာဟာ လူသားတွေကိုယ်တိုင်စစ်ဆေးတာထက် အဆ ၅၀ ထိ ပိုမြန်တာကြောင့် လပေါင်းများစွာ ကြာမြင့်နိုင်တဲ့ ပြုပြင်ထိန်းသိမ်းမှုအချိန်ကို အများကြီး လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ ၂၀၂၇ ခုနှစ်မှာ ရေတပ်ရဲ့အဆင်သင့်ဖြစ်မှုနှုန်း ၈၀ ရာခိုင်နှုန်းရရှိဖို့ ရည်မှန်းချက်ကို အဓိကအထောက်အကူပြုမှာပါ။

ဒါ့အပြင် ဒေတာတွေကိုအသုံးပြုပြီး သင်္ဘောတွေရဲ့ကြံ့ခိုင်မှုကို ကြိုတင်ခန့်မှန်းပြုပြင်နိုင်တဲ့အတွက် ကုန်ကျစရိတ်လည်း သက်သာစေမှာဖြစ်ပါတယ်၊ ဒီနည်းပညာကို ဖျက်သင်္ဘောတွေနဲ့ ချူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတွေမှာပါ အသုံးပြုလာနိုင်မှာဖြစ်တာကြောင့် ရှုပ်ထွေးတဲ့ စစ်လက်နက်ပစ္စည်းတွေကို ရေရှည်ထိန်းသိမ်းပြုပြင်ရေး လုပ်ဆောင်ရာမှာ ရှေ့ဆောင်လမ်းပြဖြစ်လာမှာပါ။ **Ref: IE**

**ကိုထက်**



## အီရန်က ကီလိုမီတာ ၂၀၀၀ ထိပစ်ခတ်နိုင်တဲ့ လောင်စာခဲသုံး ပဲ့ထိန်းဒုံးကျည်အသစ်ကို စတင်အသုံးပြု






အီရန်နိုင်ငံက အစ္စရေးနဲ့အမေရိကန်တို့နဲ့ဖြစ်ပွားနေတဲ့ ပဋိပက္ခအတွင်းမှာ သူတို့ရဲ့အဆင့်မြင့်ဆုံး စစ်လက်နက်တစ်ခုဖြစ်တဲ့ Sejjil အလတ်စားပဲ့ထိန်းဒုံးကျည်ကို ပထမဆုံးအကြိမ် စတင်အသုံးပြုလိုက်ကြောင်း အတည်ပြုခဲ့ပါတယ်။ ဒီဒုံးကျည်က အကွာအဝေး ကီလိုမီတာ ၂၀၀၀ ခန့်အထိ ပစ်ခတ်နိုင်စွမ်းရှိတာကြောင့် အီရန်နိုင်ငံမှနေပြီး အစ္စရေးအပါအဝင် အရှေ့အလယ်ပိုင်းက ပစ်မှတ်တွေကို ထိမှန်အောင် ပစ်နိုင်ပါတယ်။

ဒီဒုံးကျည်ရဲ့ထူးခြားချက်က လောင်စာခဲကိုအသုံးပြုတာဖြစ်လို့ လောင်စာရည်သုံးဒုံးကျည်တွေလိုမျိုး ကြိုတင်ပြင်ဆင်ချိန် အကြာကြီးမလိုဘဲ အချိန်မရွေးလျင်မြန်စွာပစ်နိုင်တာပါ။ ဒါ့အပြင် လမ်းကြောင်းပေါ်မှာပျံသန်းရင်း ပုံစံအမျိုးမျိုးနဲ့လှုပ်ရှားသွားလာနိုင်လို့ "ကခုန်တတ်တဲ့ ဒုံးကျည်" လို့တောင် အမည်ပြောင်ပေးထားကြပြီး ဒါဟာ ရန်သူ့ဒုံးကာစနစ်တွေက ကြားဖြတ်ဟန့်တားဖို့ ခက်ခဲအောင် လုပ်ဆောင်ထားတာဖြစ်ပါတယ်။

အီရန်က အခုလိုစစ်မြေပြင်မှာ အမှန်တကယ် ထုတ်ဖော်အသုံးပြုလာတာဟာ သူတို့ရဲ့စစ်ရေးစွမ်းရည်ကို ခံစစ်မှတိုက်စစ်အထိတိုးမြှင့်လိုက်တာလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ ပိုမိုဝေးကွာတဲ့နေရာအထိ ပစ်ခတ်နိုင်မယ့် Sejjil–3 အမျိုးအစားကိုပါ ထုတ်လုပ်နေတယ်လို့ သိရပါတယ်။ **Ref: IE**

**ကိုထက်**

## Xiaomi က SU7 အမျိုးအစားအသစ်မှာ ဘေးကင်းလုံခြုံရေးဆိုင်ရာ အဆင့်မြှင့်တင်မှုများပြုလုပ်



Xiaomi က သူတို့ရဲ့ SU7 ဆီဒန်ကားအမျိုးအစားအသစ်ကို ကိုယ်ထည်ပိုင်းနဲ့ ဘေးကင်းလုံခြုံရေးဆိုင်ရာ သိသာထင်ရှားတဲ့အဆင့်မြှင့်တင်မှုတွေနဲ့အတူ အရောင်းပြခန်းတွေဆီဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ ဒီပုံစံအသစ်မှာ မောင်းနှင်ရမှုပိုမိုကောင်းမွန်စေဖို့အတွက် လေအိတ်ဆိုင်းထိန်းစနစ်နဲ့ အလိုအလျောက်ထိန်းညှိပေးတဲ့ ဆော့ဝဲတွေကို ပေါင်းစပ်ပေးထားလို့ လမ်းအခြေအနေပေါ်မူတည်ပြီး ပြောင်းလဲမောင်းနှင်နိုင်ပါတယ်။

ဘရိတ်စနစ်ပိုင်းမှာလည်း ရှေ့ဘီးတွေအတွက် ပစ္စတင်လေးခုပါဘရိတ်တုံးတွေကို စံနှုန်းအဖြစ် တပ်ဆင်ပေးထားသလို အမြင့်ဆုံးမော်ဒယ်မှာတော့ ဘရမ်ဘို (Brembo) ဘရိတ်တွေအသုံးပြုထားပါတယ်။ ဒါ့အပြင် ကားကိုယ်ထည်ကို ခိုင်ခံ့တဲ့သံမဏိနဲ့ အလူမီနီယမ်တွေပေါင်းစပ်တည်ဆောက်ထားပြီး လေအိတ်ကိုးလုံးအထိ ထည့်သွင်းပေးထားတာကြောင့် ဘေးကင်းမှုကို ပိုမိုစိတ်ချရမှာပါ။ ကားအောက်ပိုင်းမှာရှိတဲ့ဘက်ထရီအုပ်စုကိုလည်း ကျောက်ခဲဒဏ်နဲ့တခြားထိခိုက်မှုတွေကနေကာကွယ်ဖို့အတွက် အလွန်ခိုင်ခံ့တဲ့သံမဏိတန်းတွေနဲ့ အထူးအလွှာတွေကို အသုံးပြုထားပါတယ်။ **Ref: IE**

**ကိုထက်**

## Lucid Motors က တန်ဖိုးသင့် Cosmos နဲ့ Earth မော်ဒယ် လျှပ်စစ်ကားအသစ်များကို မိတ်ဆက်ရန်ပြင်ဆင်




ဇိမ်ခံလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ Lucid Motors က ဈေးနှုန်းသက်သာတဲ့ လျှပ်စစ်ကားဈေးကွက်ကိုထိုးဖောက်နိုင်ဖို့အတွက် Cosmos နဲ့ Earth အမည်ရှိတန်ဖိုးသင့်လျှပ်စစ်ကားမော်ဒယ်သစ်နှစ်မျိုးကို ယူရို ၄၃၀၀၀ အောက်နဲ့ ရောင်းချဖို့စီစဉ်နေပါတယ်။ ဒီပုံစံအသစ်တွေမှာ အစိတ်အပိုင်းလျော့နည်းပြီး ထုတ်လုပ်မှုစရိတ်သက်သာစေမယ့် Atlas မော်တာအသစ်ကို အသုံးပြုသွားမှာဖြစ်တဲ့အတွက် အရင်မော်တာများထက်ပိုမိုပေါ့ပါးပြီး ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချပေးနိုင်မှာပါ။

Lucid Motors ရဲ့ ထူးခြားတဲ့နည်းပညာကြောင့် ဘက်ထရီကို သေးငယ်ပေါ့ပါးစွာ အသုံးပြုထားပေမယ့်လည်း အခြားကားများနည်းတူ ခရီးဝေးမောင်းနှင်နိုင်စွမ်းရှိခြင်းက ကားဈေးနှုန်းကို ဒေါ်လာထောင်ချီသက်သာစေမှာ ဖြစ်ပါတယ်။

Cosmos မော်ဒယ်မှာက အမြန်နှုန်းကို ဦးစားပေးထားပြီး သုညမှ ၉၇ ကီလိုမီတာနှုန်းကို ၃ စက္ကန့်ခွဲအတွင်း ရောက်ရှိနိုင်ကာ Earth မော်ဒယ်ကတော့ နေ့စဉ်အသုံးချမှုနဲ့ ခရီးသွားလာမှုအတွက် ပိုအဆင်ပြေအောင် ဒီဇိုင်းထုတ်ထားပါတယ်။ ဒါ့အပြင် Lucid Motors ကုမ္ပဏီအနေဖြင့် နေရာကျယ်ဝန်းမှုကို အဓိကထားတဲ့ တတိယမြောက်တန်ဖိုးသင့်မော်ဒယ်တစ်ခုကိုလည်း ထပ်မံထုတ်လုပ်ဖို့ အစီအစဉ်ရှိနေပါတယ်။ **Ref: IE**

**ကိုထက်**

## အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

• အီရန်နိုင်ငံအနေဖြင့် ထိပ်တန်းအရာရှိများကိုစွန့်လွှတ်နေရသော်လည်း သန်မာကြံ့ခိုင်နေဆဲပင်ဖြစ်ကြောင်း၊ အမေရိကန်နှင့်အစ္စရေးတို့က အီရန်ထိပ်တန်းတာဝန်ရှိသူများကို ပစ်မှတ်ထားချေမှုန်းနေခြင်းသည် အီရန်အစိုးရအဖွဲ့ကိုချည့်နဲ့စေမည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ကီကပြောသည်။ အီရန်နိုင်ငံ၏ ထိပ်တန်းလုံခြုံရေးခေါင်းဆောင်တစ်ဦးနှင့် အာဏာအရှိဆုံးသောနိုင်ငံရေးသမားတစ်ဦးဖြစ်သည့် အလီလာရီဂျာနီသည် တီဟီရန်မြို့အပေါ် လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း သေဆုံးသွားပြီဖြစ်ကြောင်း အီရန်ဘက်က အတည်ပြုထုတ်ပြန်ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

• အစ္စရေးနိုင်ငံအတွက် သူလျှိုလုပ်ပေးနေသည့် အမျိုးသားတစ်ဦးကို အီရန်တာဝန်ရှိသူများက ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း တရားရေးဌာနက မတ်လ ၁၈ ရက်တွင်ထုတ်ပြန်သည်။ အဆိုပါသူလျှိုသည် နိုင်ငံ၏အရေးကြီးသောနေရာများနှင့်ပတ်သက်သည့် ဓာတ်ပုံများ၊ သတင်းအချက်အလက်များကို အစ္စရေးထောက်လှမ်းရေးအဖွဲ့ဖြစ်သည့် မော့ဆက်သို့ ပေးပို့နေသူဖြစ်ပြီး သေဒဏ်စီရင်မှုကို မတ်လ ၁၈ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

• အမေရိကန်အမျိုးသားအကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဂျိုးကန့်သည် အမေရိကန်အစိုးရက အီရန်အပေါ် ဆင်နွှဲနေသည့်စစ်ပွဲနှင့်ပတ်သက်၍ ဆန္ဒပြသည့်အနေဖြင့် ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်းသိရသည်။ ထို့ပြင် အစ္စရေးအစိုးရသည် အမေရိကန်ပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားမပြုဘဲ မည်သည့်အခါမျှပြီးဆုံးနိုင်မည်မဟုတ်သည့် နောက်ထပ်ပဋိပက္ခတစ်ခုသို့ အမေရိကန်နိုင်ငံကို ဆွဲခေါ်သွားခြင်းဖြစ်သည်ဟု ၎င်းကပြောထားသည်။

• အမေရိကန်တပ်ဖွဲ့များသည် ဟော်မုဇ်ရေလက်ကြားအနီးရှိ အီရန်ကမ်းရိုးတန်းတစ်လျှောက်၌ရှိသော အီရန်၏ဒုံးကျည်ပစ်လွှတ်ရေးစခန်းများကို တိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်က ထုတ်ပြန်ထားသည်။ အမေရိကန်တပ်ဖွဲ့များအနေဖြင့် ထိုနေရာများကိုတိုက်ခိုက်ရာတွင် ပေါင် ၅၀၀၀ အလေးချိန်ရှိ ဘန်ကာဖျက်ဗုံးများကိုအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနေရာများရှိ အီရန်၏သင်္ဘောဖျက်ဒုံးကျည်များက ရေကြောင်းသွားလာမှုကိုဒုက္ခပေးနေကြောင်း စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: Xinhua, RT

## တရုတ်အစိုးရက စွမ်းအင်ဖူလုံရေးဖြင့် ပြန်လည်ပေါင်းစည်းရန် တရုတ်(တိုင်ပေ)ကိုကမ်းလှမ်း



**ပေကျင်း၊ ငြိမ်းချမ်းရေး**

တရုတ်အစိုးရသည် ထိုင်ဝမ်ကျွန်းတွင် စွမ်းအင်ဖူလုံမှုရှိစေရေးထောက်ပံ့ပေးမည်ဟုဆိုကာ တရုတ်(တိုင်ပေ)နှင့်ပြန်လည်ပေါင်းစည်းရေးအတွက်ကမ်းလှမ်းလိုက်ကြောင်းသိရသည်။ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးအောင်မြင်ပြီးပါက ထိုင်ဝမ်ကျွန်းသို့ တည်ငြိမ်ပြီးစိတ်ချရသော စွမ်းအင်ထောက်ပံ့မှုများပေးအပ်ရန် အဆင်သင့်ရှိကြောင်း နိုင်ငံတော်ကောင်စီ ထိုင်ဝမ်ကျွန်းရေးရာရုံးပြောရေးဆိုခွင့်ရှိသူ ချန်ဘင်ဟွာက မတ်လ ၁၈ ရက် ပုံမှန်သတင်းစာရှင်းလင်းပွဲတွင်ပြောခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုကြောင့် ထိုင်ဝမ်ကျွန်း၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပြတ်တောက်နိုင်ခြေအပေါ် စိုးရိမ်မှုများရှိနေခြင်းနှင့်ပတ်သက်၍ ၎င်းကယခုကဲ့သို့ပြောခြင်းဖြစ်သည်။ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းပြီးပါက ထိုင်ဝမ်ကျွန်း၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အခွင့်အလမ်းကောင်းများရရှိလာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းပြတ်လပ်မှုပြဿနာများကိုလည်းဖြေရှင်းပေးနိုင်မည်ဟု ၎င်းကဆိုသည်။

ထို့ပြင် အစ္စတန်ဘူမြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံးသည် အရှေ့အလယ်ပိုင်းတွင် ပိတ်မိနေသည့် ထိုင်ဝမ်ကျွန်းသား ၉၃ ဦးအား ပြည်မကြီးလေကြောင်းလိုင်းများဖြင့် အိမ်ပြန်နိုင်ရန် ကူညီပေးထားသည်။ ထိုသို့ကူညီမှုအပေါ် ထိုင်ဝမ်ဒီမိုကရက်တစ်တိုးတက်ရေးပါတီကဝေဖန်မှုသည် ရက်ဖွယ်ကောင်းသောလုပ်ရပ်အဖြစ် ချန်ဘင်ဟွာက ရှုတ်ချထားသော်လည်း ကောင်စစ်ဝန်ရုံးများက ထိုသို့ကူညီမှုများဆက်ပေးသွားမည်ဟုပြောထားသည်။ **Ref: China Daily**

## သီရိလင်္ကာက စုံ-မ နံပါတ်ပြားစနစ်ဖြင့် စက်သုံးဆီ ရောင်းချသည့်အစီအစဉ် စတင်

**ကိုလံဘို၊ စက်သုံးဆီ**

သီရိလင်္ကာနိုင်ငံက စုံ-မ နံပါတ်ပြားစနစ်ဖြင့် စက်သုံးဆီရောင်းချသည့်အစီအစဉ်ကို မတ်လ ၁၈ ရက်တွင်စတင်လိုက်ပြီဖြစ်ကြောင်း စီလုံရေနံကော်ပိုရေးရှင်းမှ အကြီးတန်းအရာရှိတစ်ဦးကပြောသည်။ ထိုစနစ်အရ ယာဉ်၏နံပါတ်ပြားတွင် သုညနှင့် စုံဂဏန်းများဖြင့်ဆုံးသော ယာဉ်များအနေဖြင့် စုံရက်များတွင် စက်သုံးဆီဝယ်နိုင်မည်ဖြစ်ကြောင်းနှင့် မဂဏန်းဖြင့်ဆုံးသောယာဉ်များမှာ မရက်များတွင် စက်သုံးဆီဝယ်နိုင်မည်ဖြစ်ကြောင်း ကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူးကပြောသည်။

ယခုအစီအစဉ်ကို အကောင်အထည်ဖော်ရခြင်းသည် စက်သုံးဆီကိုထိရောက်မှုရှိစွာ ဖြန့်ဖြူးနိုင်စေရေးနှင့် စက်သုံးဆီဆိုင်များ၌ ဝယ်လိုအားများပြားနေမှုတို့ကို ထိန်းချုပ်ခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ သီရိလင်္ကာနိုင်ငံ၌ QR ကုတ်စနစ်ဖြင့် စက်သုံးဆီရောင်းချမှုကိုလည်း လုပ်ဆောင်လျက်ရှိသည်။ **Ref: Xinhua**

## အရှေ့အလယ်ပိုင်းပဋိပက္ခ ပြင်းထန်လာမှုကြောင့် လေကြောင်းလိုင်းများက ခရီးစဉ်များစွာကိုဖျက်သိမ်း



**ဒူဘိုင်း၊ စွမ်းအင်ဖူလုံရေး**

အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသောပဋိပက္ခ ပိုမိုပြင်းထန်လာမှုကြောင့် လေကြောင်းလိုင်းများစွာက ခရီးစဉ်များကိုဖျက်သိမ်းလာသည့်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ လေကြောင်းခရီးသွားလာမှုများ ပြင်းထန်စွာ အနှောင့်အယှက်ဖြစ်ပေါ်နေကြောင်းသိရသည်။

ပဋိပက္ခများနှင့်ဆက်စပ်၍ လေပိုင်နက်ပိတ်ဆို့မှုများကြောင့် ခရီးသည်သောင်းနှင့်ချီ၍သောင်တင်နေပြီး Emirates၊ Qatar Airways နှင့် Etihad တို့ကဲ့သို့ လေကြောင်းလိုင်းကြီးများအပါအဝင် လေကြောင်းလိုင်းအများအပြားသည် ခရီးစဉ်များကို ကန့်သတ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းများပြုလုပ်နေရခြင်းဖြစ်သည်။

ထို့ပြင် Lufthansa၊ Air France နှင့် Turkish Airlines တို့ကလည်း ဒေသတွင်းရှိမြို့ကြီးများသို့ပျံသန်းမည့် ခရီးစဉ်များကို မတ်လကုန်အထိ ဆိုင်းငံ့ထားရသည်ကိုတွေ့ရသည်။ အလားတူ လေကြောင်းလိုင်းအချို့၏ ခရီးစဉ်အသစ်များသည်လည်း ပဋိပက္ခများကြောင့် နှောင့်နှေးမှုများရှိနေပြီး အစ္စရေး၏ El Al လေကြောင်းလိုင်းကလည်း ပုံမှန်ခရီးစဉ်များကို မတ်လ ၂၁ ရက်အထိ ဖျက်သိမ်းထားကြောင်းဆိုသည်။

ဒေသတွင်းလေပိုင်နက်ဘေးကင်းရေးမှာ စိန်ခေါ်မှုဖြစ်နေစဉ် လေကြောင်းလိုင်းများသည် အီရတ်၊ အီရန်၊ ဆီးရီးယားနှင့် အစ္စရေးလေပိုင်နက်များကို ရှောင်ကွင်းပျံသန်းနေရကြောင်းသိရသည်။

**Ref: ST**

## ဘရာဇီးအစိုးရက အရွယ်မရောက်သေးသူများ လူမှုမီဒီယာအသုံးပြုမှုကို စတင်ကန့်သတ်

**ဘရာဇီးလျား၊ ပြည်တွင်းရေး**

ဘရာဇီးအစိုးရက နိုင်ငံအတွင်းရှိအရွယ်မရောက်သေးသူများ လူမှုမီဒီယာအသုံးပြုမှုကို မတ်လ ၁၇ ရက်တွင် ဥပဒေထုတ်ပြန်ကာ စတင်ကန့်သတ်လိုက်ကြောင်းသိရသည်။ အဆိုပါဥပဒေအရ အသက် ၁၆ နှစ်အောက် ဆယ်ကျော်သက်များသည် ၎င်းတို့၏ လူမှုကွန်ရက်အကောင့်များကို အုပ်ထိန်းသူနှင့် ချိတ်ဆက်ထားရမည်ဖြစ်ပြီး အသက်၁၈ နှစ်အောက်ကလေးများအတွက် မသင့်လျော်သော အကြောင်းအရာများကို ပိတ်ပင်ရန် ခိုင်လုံသောအသက်အတည်ပြုခြင်းနည်းလမ်းများကို အသုံးပြုရမည်ဖြစ်သည်။

ယခင်က အသုံးပြုခဲ့သည့် ကိုယ်တိုင်အသက်ဖြည့်စွက်သည့်စနစ်မှာ ထိရောက်မှုမရှိသဖြင့် မှတ်ပုံတင်ပြခြင်း သို့မဟုတ် ဇီဝနည်းဖြင့်စစ်ဆေးခြင်းများကို ရှေ့ပြေးပုံစံအဖြစ် စတင်ကျင့်သုံးရန် အဆိုပြုထားသည်။

ထို့ပြင်ကလေးများကို ပစ်မှတ်ထားသည့် ကြော်ငြာများနှင့်ဗီဒီယိုဂိမ်းအတွင်း ငွေပေးချေရသော ဆုလာဘ်ပုံးများကိုလည်း ပိတ်ပင်တားမြစ်ထားသည်။ အဆိုပါဥပဒေပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိသော ကုမ္ပဏီများကို ဒေါ်လာ ၉ သန်းခန့်အထိ ဒဏ်ရိုက်ခြင်း သို့မဟုတ် လုပ်ငန်းပိတ်သိမ်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**Ref: BP**



# တိုက်ကြီးမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ဖြင့် သပြေတန်းမြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၈

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ဖြင့် သပြေတန်းမြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာ အုပ်စု၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီးတို့က နှစ်ချပ်တွဲ ဆိုလာအနိမ့်တင်ပန့် ၂၈ စုံတို့ကို တိုက်ကြီးမြို့နယ်နှင့် ဥက္ကံမြို့တို့မှတာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး သပြေတန်းမြစ်ရေတင်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို KTK ကုမ္ပဏီမှ တာဝန်ရှိသူက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ဆိုလာစနစ်ဖြင့်သပြေတန်းမြစ်ရေတင်နှင့်ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကို တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး



နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆိုလာစနစ်ဖြင့် သပြေတန်းမြစ်ရေတင်နှင့်ကျေးရွာမီးလင်းရေးစီမံကိန်းကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းဦးစီးဌာနမှဆောင်ရွက်သည့် တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ရေတွင်းကုန်း-မြို့ချောင်း-တော်လတီ-ရွာသာလမ်း မိုင်တိုင် ၂၁ မိုင်မှ ၂၂ မိုင်အတွင်း ၆ ဖာလုံအား ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် တိုက်ကြီးမွေးမြူရေးဇုန်အတွင်းကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် တိုးချဲ့မွေးမြူကြရန်နှင့်တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးကြရန်မှာကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် မွေးမြူရေးဇုန် အနီးရှိသနပ်ချောင်းပိတ်ရေလှောင်တမံတွင် ရေသိုလှောင်ထားရှိမှု၊ ရေသိုလှောင်နိုင်မှုနှင့်ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ရန်ကုန်မြို့ H O B ဆိပ်ကမ်းသို့ဆိုက်ကပ်ရောက်ရှိနေသော စားသုံးဆီတင်သင်္ဘောမှ သယ်ဆောင်လာသည့် စားသုံးဆီများလက်ခံရယူခြင်းနှင့် သိုလှောင်ကန်သို့ ထည့်သွင်းနေမှုအား ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ H O B ဆိပ်ကမ်းသို့ဆိုက်ကပ်ရောက်ရှိနေသည့် စားသုံးဆီတင်သင်္ဘောမှ သယ်ဆောင်လာသည့် စားသုံးဆီများ အလေးချိန်နှင့်အရည်အသွေး ပြည့်မီသော စားသုံးဆီများအား ဆီကန်များအတွင်းသို့ ထည့်သွင်းသိုလှောင်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းရုံးမှ တာဝန်ရှိသူများ၊ MITS မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်စုစည်းမှုအဖွဲ့မှ တာဝန်ရှိသူများသည် စားသုံးဆီတင် MT AU GEMINI သင်္ဘောမှ စားသုံးဆီများ အရည်အသွေး၊ အလေးချိန်နှင့် သန့်ရှင်းမှုများအား စစ်ဆေးပြီး စားသုံးဆီများအား လွှဲပြောင်းလက်ခံရယူကာ ဆီသိုလှောင်ကန်များအတွင်းသို့ စနစ်တကျထည့်သွင်းနေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

SMT



# “ပြည်ချစ်သားမွန် တေးသဝဏ်”တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၁၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ မတ်လ ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲကို ၂၀၂၆ ခုနှစ် မတ်လ ၆ ရက်မှ ၂၇ ရက်အထိ ပွဲစဉ်လေးပွဲဖြင့် အပတ်စဉ် သောကြာနေ့ ညတိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

“ပြည်ချစ်သားမွန် တေးသဝဏ်” ပွဲစဉ် (၃)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် စိုးညီညီ၊ ဈာန်ထူး၊ ဟိန်းတေဇ၊ စောမြတ်နိုး၊ နေခနဲ၊ ရေဂျီးနား၊ နန္ဒာဇော်ဝင်း၊ မြင့်မြတ်သူ၊ ကြည်ဖေယျရှင်၊ မေထူးကျော်၊ ရတုချို့နှင့် ချောစုသံစဉ်တို့က တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် စစ်မှန်ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်နေပုံ၊ ရဲဝံ့စွန့်စားစွာဖြင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနေပုံနှင့် တပ်မတော်သားများ၏ မြင့်မြတ်စိတ်ထားများအား ဖော်ညွှန်းထားသည့်တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ မတ်လ ၂၀ ရက် သောကြာနေ့ ည ၉ နာရီခန့်၌ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ပြီး MRTV App ၏




Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် မတ်လ ၂၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV–HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁˚c | / | ၃၆˚c |
| ရန်ကုန် | ၂၂˚c | / | ၃၆˚c |
| မန္တလေး | ၂၂˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကျောင်းသား၊ ကျောင်းသူများစာမေးပွဲဖြေဆိုနေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး၊ ကယားပြည်နယ် စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် အစီအစဉ်တကျကြပ်မတ်ဆောင်ရွက်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



လှိုင်ကော် မတ် ၁၈

၂၀၂၆ ခုနှစ် လှိုင်ကော်မြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ချိကယ်စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေကြသည့် အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်ကော်)မှ ကျောင်းသား၊ ကျောင်းသူများစာမေးပွဲဖြေဆိုနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာဖြေခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုကိုကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီမံထားရှိမှုများ၊ စာမေးပွဲဖြေဆိုခန်းများနှင့် ကျောင်းပရိဝုဏ်အတွင်း/အပြင်၌ ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေးကြီးကြပ်ဆောင်ရွက်နေမှုများကိုကြည့်ရှုကာ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာဘာသာရပ်များအလိုက်စာမေးပွဲဝင်ရောက်ဖြေဆိုနေမှုကိုကြည့်ရှုအားပေးပြီး စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြားကာ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူပေါင်း ၅၆ ဦးရှိပြီး စာမေးပွဲများကို မတ်လ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်(လှိုင်ကော်)တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူပေါင်း ၈၁ ဦးရှိပြီး စာမေးပွဲများကို မတ်လ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၅-၂၀၂၆ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၁၅၄ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားရှိသည့် ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်)၏ ခြံစည်းရိုးအုတ်တံတိုင်း ပေ ၁၅၅၀ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကယားပြည်နယ်အတွင်း စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် အစီအစဉ်တကျကြပ်မတ်ဆောင်ရွက်နိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်စက်သုံးဆီကြီးကြပ်ရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စက်သုံးဆီ ခြိုးခြံချွေတာရေးနှင့် ဖူလုံရေးအတွက် အမှန်တကယ်လိုအပ်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသည့် အစီအမံများအတိုင်း စိစစ်ကြီးကြပ်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံရေး အသိပညာပေးကာလကို မတ်လ ၃ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ စက်သုံးဆီမပြတ်လပ်စေရေးနှင့် ဝယ်ယူသုံးစွဲမှု အဆင်ပြေရေးအတွက် ညွှန်ကြားချက်များနှင့်အညီ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စက်သုံးဆီခြိုးခြံချွေတာရေး၊ ဖူလုံရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် နွေရာသီလူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

စစ်တွေ မတ် ၁၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် နွေရာသီလူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဓညဝတီအားကစားခန်းမ၌ ပိုက်ကျော်ခြင်းသင်တန်းဖွင့်လှစ်သင်ကြားနေမှုကိုလည်းကောင်း၊ စစ်တွေခရိုင်ပညာရေးမှူးရုံး ပညာရောင်ခြည်ခန်းမ၌ ရေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်သင်ကြားနေမှုနှင့်သင်တန်းသူများက ရေးဦးပြုစုခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၌ AI နည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က သင်တန်းသား၊ သင်တန်းသူများကို အားပေးစကားပြောကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကော်မတီအလိုက် ယခင်နှစ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ယခုနှစ်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်း၌ ရန်ကုန်မြို့မှစစ်တွေမြို့သို့ MV-ရဲထွန်းအောင်ရေယာဉ်ဖြင့်ရောက်ရှိလာသောလယ်ယာသုံးစက်ကိရိယာများ အတင်အချပြုလုပ်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)၊**
**ဓာတ်ပုံ-ဝင်းမင်းစိုး**

# ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ဗဟို)ပူးပေါင်းဖွင့်လှစ်သော (TA/LT)အစိုးရစာသင်ကျောင်းများတွင် သင်ကြားနေသည့် ပအိုဝ်းဆရာ/ဆရာမများမွမ်းမံသင်တန်းဖွင့်လှစ်

တောင်ကြီး မတ် ၁၈

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ဗဟို) ပူးပေါင်းဖွင့်လှစ်သည့် Teaching Assistant (TA)၊ Language Teacher(LT)နှင့် အစိုးရစာသင်ကျောင်းများတွင် သင်ကြားနေသည့် ပအိုဝ်းဆရာ/ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း(ဒဲဉ်သီးဗွေ)ကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတွင် ဒေသအသီးသီးမှ ပအိုဝ်းတိုင်းရင်းသားဘာသာစာပေသင် ဆရာ၊ ဆရာမ စုစုပေါင်း ၂၀၀ ကို သင်တန်းများပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများအနေဖြင့် သင်တန်းကာလပြီးစီး၍ မိမိတို့အရပ်ဒေသသို့ ပြန်လည်ရောက်ရှိသည့်အချိန်တွင် သင်တန်းမှပို့ချသည့်သင်ခန်းစာများ၊ အသိပညာ၊ ဗဟုသုတများကို မျိုးဆက်သစ်လူငယ်များထံ ပြန်လည်မျှဝေနိုင်ရေးအတွက် ဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ



နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ပေးခဲ့သည့်ရန်ပုံငွေများကို မိမိတို့ပအိုဝ်းတိုင်းရင်းသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် ရိုးရာယဉ်ကျေးမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ စာပေဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၄၃ သိန်းပေးအပ်ရာ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ဗဟို) ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပအိုဝ်းစာပေသင်ရိုးညွှန်းတမ်း ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ဖတ်စာအုပ်များကိုကြည့်ရှုကြပြီး အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားပီပီ** ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** ပဉ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** စတုတ္ထဆု
ကေသီအောင်

၅။ **တုနှိုင်းမဲ့စစ်သည်တွေ** ပဉ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** ပဉ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** ပဉ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** ပထမဆု
မနောဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** စတုတ္ထဆု
မောင်အေးချမ်း(ဓနုဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** ပဉ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** ပဉ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** စတုတ္ထဆု
ဟန်ညွန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** ပဉ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြီးနိုင်** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ခံ** ပဉ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ဝ၃၆-၃ဝ၅၁၆၊ ဝ၃၆-၃ဝ၅၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဇမ္ဗူသီရိမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေးဆွေးနွေး

နေပြည်တော် မတ် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်၌ မတ်လ ၁၇ ရက်တွင် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး အကြောင်းသိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးနှင့် လယ်ဝေးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကိုကိုတို့က မီးခိုးမြူငွေ့ ဖြစ်ပေါ်လာပုံ အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများ၊ မြန်မာနိုင်ငံနှင့်ကမ္ဘာ့နိုင်ငံအချို့၏ မီးခိုးမြူငွေ့ညစ်ညမ်းမှုအခြေအနေများနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်လျှော့ချနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ကြရမည့်အချက်များကို ဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံးအနေဖြင့် ပြည်သူများအသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ Online မှတစ်ဆင့် အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ်တင်ဆက်ပေးလျက်ရှိရာ ယခုဆွေးနွေးပွဲကိုလည်း ဇမ္ဗူသီရိမြို့နယ် ပြည်သူ့စာကြည့်တိုက် Facebook Page တွင် တင်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေး



သရက် မတ် ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးကြီးမှူး၍ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းတို့ကို မတ်လ ၁၈ ရက်တွင် ခရိုင်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းတို့ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ဇော်ထက်(သရက်)

**သဇင်(FM)အသံလွှင့်အစီအစဉ်**

**၁၉-၃-၂၀၂၆(ကြာသပတေးနေ့)**

၁။ ဝ၆:၃ဝ ခံစားနားဆင်မြန်မာသံစဉ်
၂။ ၁ဝ:ဝဝ Internet Pages
၃။ ၁၄:၃ဝ Live For You
၄။ ၁၇:ဝဝ အနုပညာခရီးလမ်း
၅။ ၁၈:၂ဝ Thazin Request Song
၆။ ၂ဝ:၂ဝ လွမ်းသဝဏ်လွှာ

# ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့ သက်ဆိုင်ရာဘာသာရပ်များအား ဆက်လက်ဖြေဆို

**နေပြည်တော်  မတ် ၁၈**

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲများကို မတ်လ ၁၁ ရက်တွင်စတင်ကျင်းပခဲ့ရာ မတ်လ ၁၇ ရက်တွင်အောင်မြင်စွာဖြေဆိုပြီးစီးခဲ့ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကိုလည်း မတ်လ ၁၁ ရက်မှစတင်ကျင်းပခဲ့ရာ ယနေ့ စာမေးပွဲဖြေဆိုမှုနောက်ဆုံးနေ့တွင် သက်ဆိုင်ရာဘာသာရပ်များဖြစ်သည့် မြို့ပြပုံဆွဲဘာသာရပ်၊ အခြေခံပရိုဂရမ်မိတ်ဆက်ဘာသာရပ်နှင့် စက်မှုပုံဆွဲဘာသာရပ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများက နှင့်ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်များမှ စာစစ်ဌာနစုစုပေါင်း ၄၁ ခု၌ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၁၁၄ ဦး (၉၉ ဒသမ ၀၆ ရာခိုင်နှုန်း)ဖြင့် ဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့တွင် စိတ်အေးချမ်းသာစွာ ဖြေဆိုနေသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးစဉ်။



တွံတေးမြို့၌ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။





မိုးညှင်းမြို့၌ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြရာ စက်မှုအတတ်ပညာတွင် (မြို့ပြပုံဆွဲဘာသာရပ်၊ အခြေခံပရိုဂရမ်မိတ်ဆက်ဘာသာရပ်နှင့် စက်မှုပုံဆွဲဘာသာရပ်)တို့ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး စာမေးပွဲဖြေဆိုနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

"ကျွန်တော်တို့စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းဟာ ကျွန်တော်တို့ရန်ကုန်တိုင်းဒေသကြီးမှာ လေးကျောင်းရှိခဲ့တာဖြစ်ပါတယ်။ အဲ့ဒီလေးကျောင်းထဲမှာ ကျွန်တော်တို့မှော်ဘီခရိုင်အနေနဲ့ စက်မှုအထက(၁)ကျောင်းရရှိတာဖြစ်တဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ဝမ်းသာပါတယ်။ ဒါကြောင့် ဒီနေ့ ကျောင်းသားတွေလည်းပဲ ဒီတက္ကသိုလ်ဝင်စာမေးပွဲကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း အနေနဲ့ ပျက်ကွက်မရှိအောင် ကျွန်တော်တို့တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဒီစာမေးပွဲမှာ စာရင်းရှိ ၁၂၄ ဦးဖြစ်ပြီးတော့ ဖြေဆိုသူအားလုံးကလည်း ၁၂၄ ဦးဖြစ်တဲ့အတွက်ကြောင့် ဖြေဆိုရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျ"ဟု ပြောသည်။





"စက်မှုဘာသာရပ်ဆိုရင်တော့ တော်တော်များများဖြေဆိုနိုင်ခဲ့ပါတယ်။(အေ)အထိတောင်မှန်းထားပါတယ်။ ဒီကျောင်းတက်ရတာ လျှပ်စစ်အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်လို့ ET ကိုရွေးချယ်ခဲ့ပါတယ်။ ဒီကျောင်းစဖွင့်မယ်ဆိုကတည်းက မိဘတွေက နောက်ကနေအကုန်ရေကုန်ရေခန်းကူညီပေးပါတယ်။ ဒီတတိယနှစ်မှာ တော်တော်ကြိုးစားခဲ့ပါတယ်" ဟုပြောသည်။

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ်လ ၁၁ ရက်မှစတင်၍ကျင်းပပြုလုပ်ခဲ့ရာ ယနေ့တွင် စာမေးပွဲဖြေဆိုမှု နောက်ဆုံးရက်အဖြစ် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

# အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများအကြောင်း အသိပညာပေးဟောပြော

**ကျောက်ဆည်  မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ကျောက်ဆည်မြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်များ၏ဝတ်စားဆင်ယင်မှု၊ လူငယ်နှင့်အကျင့်စရိုက်များအကြောင်းနှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများအကြောင်းကို အသိပညာပေးဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းက အမျိုးသားယဉ်ကျေးမှုအကြောင်းများကို ဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ကျောက်ဆည်မြို့နယ် ရပ်ကွက်/ကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူများ၊ အမျိုးသမီးငယ်များ တက်ရောက်ခဲ့ကြောင်းနှင့် ဟောပြောပွဲအပြီးတွင် လူငယ်များက ခရိုင်ပြည်သူ့စာကြည့်တိုက်မှသုတ/ရသစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ရုံး ဝန်ထမ်းသားသမီးများအတွက် အခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

ရန်ကုန်  မတ်  ၁၈

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှကြီးမှူးဖွင့်လှစ်သည့် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ရုံး ဝန်ထမ်းသားသမီးများအတွက် စတုတ္ထအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို မတ်လ ၁၈ ရက်တွင် အောက်ပစ္စယာ အနောက်မြောက်ဘက်ရှိ မဟာဗုဒ္ဓဝင်ပြခန်း၌ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဘဒ္ဒန္တသိရီကဥ္စနကြွရောက်တော်မူပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို)မှ သင်တန်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး ဘဏ္ဍာထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးအောင်ဖေယျာလင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)ဥက္ကဋ္ဌ ဘဒ္ဒန္တသိရီကဥ္စန အရှင်သူမြတ်က သင်တန်းဖွင့်ဩဝါဒအမှာစကား မိန့်ကြားသည်။ ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို နွေရာသီကျောင်းပိတ်ရက်အားလပ်ချိန်တွင် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ရုံးဝန်ထမ်းသားသမီးများ ဗုဒ္ဓဘာသာအခြေခံကောင်းများရရှိစေရန်နှင့် ယဉ်ကျေးလိမ္မာစွာ ပြုမူပြောဆိုနေထိုင်တတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ မတ်လ ၁၈ ရက်မှ ၃၀ ရက်ထိ ဖြစ်ကြောင်းနှင့် သင်တန်းတွင် ဝန်ထမ်းသားသမီး ၅၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဝန်းရံ




# လှိုင်းဘွဲ့မြို့နယ် ရေဘုတ်ရေလှောင်တမံမှ နွေစပါး နွေသီးနှံနှင့် စားဖိုဆောင်သီးနှံစိုက်တောင်သူများအတွက် စိုက်ပျိုးရေများဖြန့်ဝေပေး

လှိုင်းဘွဲ့  မတ်  ၁၈

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စုအတွင်းရှိ နွေစပါး၊ နွေသီးနှံနှင့် စားဖိုဆောင်သီးနှံစိုက်တောင်သူများအတွက် ရေဘုတ်ရေလှောင်တမံမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း လှိုင်းဘွဲ့မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

လှိုင်းဘွဲ့မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ နွေစပါး၊ နွေသီးနှံနှင့် စားဖိုဆောင်သီးနှံများ အချိန်မီစိုက်ပျိုးထွန်ယက်နိုင်ရေးအတွက် နှစ်စဉ် ရေဘုတ်ရေလှောင်တမံမှ ဆည်ရေများကို ရေဘုတ်ရေလှောင်တမံတူးမြောင်းမကြီးမှတစ်ဆင့် ထီလုံ၊ သပုထို၊ နောင်သင့်၊ သမ္ဘာန်၊ ရွာသာအေး စသည့်ကျေးရွာများရှိ ဆည်ရေသောက်စိုက်ဧကစုစုပေါင်း ၁၄၆၈ ဧကအတွက် စိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိသည်။

ရေဘုတ်ရေလှောင်တမံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး အမြင့် ၄၆ ပေ၊ အလျားပေ ၁၇၇၂၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၂၅၃၄ ဧကရှိသော မြေသားတမံအမျိုးအစားဖြစ်ကြောင်း၊ ဆည်ရေသောက်စနစ်အနေဖြင့် ၆ ဒသမ ၂၅ မိုင်အရှည်ရှိ တူးမြောင်းမကြီးတစ်ခု၊ ၁၅ ဒသမ ၅၂ မိုင်အရှည်ရှိ လက်တံမြောင်းခြောက်ခု၊ ၁၀ ဒသမ ၇၈ မိုင်အရှည်ရှိ တိုက်ရိုက်ရေပေးမြောင်း ၂၂ ခု တို့ဖြင့် ဆည်ရေများကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဒေသခံတောင်သူများအနေဖြင့် ရေဘုတ်ရေလှောင်တမံမှ ဆည်ရေများကို အသုံးပြု၍ နွေစပါး၊ ပဲမျိုးစုံ၊ ဖရဲ၊ ငရုတ်၊ ကြက်သွန်နီနှင့်စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရောင်းချကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာ အသိပညာပေးဟောပြော


ပွင့်ဖြူ  မတ်  ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မတ်လ ၁၇ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် လိမ္မာယဉ်ကျေးပြီး ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ ပညာရည်ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ဖြစ်လာစေရန် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းကြံ့ခိုင်ကောင်းမွန်စေရန်လိုက်နာရမည့် ကျင့်ဝတ်တာဝန်များ၊ ယဉ်ကျေးလိမ္မာသော လူတော်လူကောင်းများဖြစ်စေရန် မိဘ၊ ဆရာများ၏ ဆိုဆုံးမမှုကိုလိုက်နာ၍ ဘက်စုံထူးချွန်ထက်မြက်သူများဖြစ်အောင် ဆောင်ရွက်ကြရန် အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူငယ်ရေးရာအသိပညာဗဟုသုတ သိကောင်းစရာများပါဝင်သော နံရံကပ်စာစောင်များကို ခင်းကျင်းပြသကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)




# ပန်းချီပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ



သံကုန်း  မတ်  ၁၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သံကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မတ်လ ၁၇ ရက်က ပန်းချီပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ Book Club အဖွဲ့ဝင် ဦးရဲအောင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကိုပြောကြားကာ သံကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ အသိပညာဗဟုသုတတိုးပွားစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဉာဏ်ရည်ဉာဏ်သွေးများထက်မြက်စေရန်နှင့် ပန်းချီပညာကို စိတ်ပါဝင်စားလာစေရန်ရည်ရွယ်၍ ပြိုင်ပွဲကျင်းပပေးရခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန်ကြွယ်ဝစေရန်နှင့် အနာဂတ်တွင် ခေါင်းဆောင်ကောင်းများပေါ်ပေါက်လာစေရန်၊ Social Media ၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ အားလပ်ချိန်တွင် စာပေဖတ်ရှုလေ့လာရန်နှင့် လူငယ်များ သိသင့်သိထိုက်သော အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် အခြေခံပညာမူလတန်းအဆင့်ပန်းချီပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အကောင်းဆုံးရေးဆွဲနိုင်သူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသည့်အသိပညာပေးနံရံကပ်စာစောင်များနှင့် ရုပ်ပြစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကျော်(သံကုန်း)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေကြာစိုက်တောင်သူများ ဆင်းရွှေကြာ- ၃ (ပရို) နေကြာစိုက်ခင်းအားလေ့လာ

နေပြည်တော် မတ် ၁၈



မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရမည်းသင်း၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ စဉ့်ကိုင်၊ ကျောက်ဆည်မြို့နယ်များမှ နေကြာစိုက်တောင်သူများသည် ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်စိုက်ပျိုးရေး သိပ္ပံကွင်းအတွင်း၌ စိုက်ပျိုးပြသထားသော ဆင်းရွှေကြာ-၃ (ပရို) နေကြာစိုက်ခင်းကို လာရောက်လေ့လာကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက မျိုးနေကြာကဲ့သို့ အထွက်ကောင်းပြီး တောင်သူကိုယ်တိုင် မျိုးစေ့ပွားများထုတ်လုပ်နိုင်မည့် ဒေသ ရေမြေနှင့်ကိုက်ညီသောမျိုးသစ်ရရှိရေး ဆောင်ရွက်နိုင်မှုကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခု စိုက်ပျိုးပြသထားသော နေကြာစိုက်ခင်းသည် ဆင်းရွှေကြာ- ၂ နေကြာမျိုးအား နိုင်ငံခြားမျိုးဗီဇ ၃၁ မျိုးထည့်သွင်းကာ အပွင့်အရွယ်အစားနှင့် အပင်ကိုနှစ်စဉ်ရွေးချယ်၍ မျိုးသစ်များဖြင့် မျိုးစပ်မွေးမြူရွေးချယ်ခြင်းနည်းဖြင့် သုံးရာသီစိုက်ပျိုးဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ နေကြာပင်၏ သဘာဝတွင် ပင်တည်းဝတ်မှုန်ကူးနိုင်သည့် သဘာဝရှိသော်လည်း နှစ်စဉ်အသုံးပြုနိုင်သည့် မျိုးမွေးမြူထုတ်လုပ်ရေးအတွက် ပျား၊ ပိတုန်းကဲ့သို့သော အင်းဆက်များဖြင့် ဝတ်မှုန်ကူးခြင်းသည် များစွာအရေးကြီးပြီး အောင်စေ့ရာခိုင်နှုန်း အထွက်နှုန်းနှင့် ဆီထွက်ရာခိုင်နှုန်းကို သိသာစွာမြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ဆင်းရွှေကြာ- ၃ (ပရို)မျိုးကို ပြည်ပမှ တင်သွင်းလာသော မျိုး ၃၁ မျိုးတို့၏ ဝတ်မှုန်များနှင့် မျိုးကူးယှက်ရွေးချယ် မွေးမြူထားသောမျိုးဖြစ်၍ ဒေသအလိုက် ဖြစ်ထွန်းအောင်မြင်နိုင်မည့် မျိုးကွဲများကို တောင်သူကြီးများ စိတ်ကြိုက်ရွေးချယ် မွေးမြူစိုက်ပျိုးကာ မျိုးအတွက်ရော ဆီအတွက်ပါစိုက်ပျိုးထုတ်လုပ်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် ရွေးချယ်ရရှိသောမျိုးများကို နေပြည်တော်ရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲတို့က ကာလတစ်ခုတွင်ပြန်လည်စုစည်း၍ ဝတ်မှုန်ကူးခြင်းနည်းပညာ Divergent Convergent Selection ဖြင့် ဆောင်ရွက်၍ စဉ်ဆက်မပြတ်မျိုးမြှင့်တင်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအချင်းချင်း အကြား မိုးနှင့်ဆောင်းစိုက်နေကြာ မျိုးစေ့ဖလှယ်သည့်စနစ်၊ တောင်သူလယ်သမားများကိုယ်တိုင် ဦးဆောင်ပါဝင်သော မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးစေ့ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းစဉ်တစ်လျှောက် ဖွံ့ဖြိုးစေရန်ဆောင်ရွက်ကြရန်နှင့် လက်တွေ့ကျပြီး ရေရှည်တည်တံ့သည့် မျိုးစေ့စနစ်နှင့် မျိုးစေ့ကွန်ရက်အသက်ဝင်ထွန်းကားနိုင်ရေးကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လေ့လာရေးတောင်သူများ၏မေးမြန်းချက်များအပေါ် ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာပညာရှင်ဝန်ထမ်းများက အသေးစိတ်ရှင်းလင်းဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၀ ရက်နှင့် ၁၁ ရက်**တို့တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၁၇၀)တန်၊ အခြားသစ် (၈ ဒသမ ၇၇၄)တန်၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၂၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၃ ရက်**တွင် လှိုင်းဘွဲ့မြို့နယ်၊ နဘူး-ထီလုံသွားကားလမ်း၌မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၉၁၂၀၆၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Nissan Diesel Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၁၂၀၆၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၄ ရက်နှင့် ၁၅ ရက်**တို့တွင် ကလေးမြို့နယ်နှင့်တမူးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ၂၇ ရက်တွင် သီပေါမြို့နယ်၊ တာလုံကူးတို့ဆိပ်အနီး၌ မော်တော်ယာဉ် (၆၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅၀၅)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂၈၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၆၉)မျိုး၊ လျှပ်စစ်ပစ္စည်း (၇၁)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၅၄၃၃၉၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၁၉)စီး၊ လိုင်စင်ရှိမော်တော်ယာဉ် (၄၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၆၈၄၃၃၉၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့အထွက်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Joylong Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၅၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၀၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ မတ်လ ၁၀ ရက်၊ ၁၁ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၈၀၉၇၇၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၂၃၂ သိန်းတန်ဖိုးနှင့် လားရှိုးမြို့တွင် ငွေကျပ် ၈၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



တရားခံထက်ဝေဖြိုးအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၈**

မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၂၃၂ သိန်းတန်ဖိုးနှင့် လားရှိုးမြို့တွင် ငွေကျပ် ၈၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၁၆ ရက် ည ၇ နာရီတွင်သတင်းအရ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၂)(က) ရပ်ကွက်နေ ထက်ဝေဖြိုး (၂၅)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၂ သိန်း)နှင့် အိုက်စ် (မက်သ်အဖက်တမင်း) ၁၀၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀)တို့ကို ဖမ်းဆီးရမိသဖြင့် ထက်ဝေဖြိုးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ်လ ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့၊ သံလွင်ရပ်ကွက်နေ လောက်ခမ်း (ခ) အားခမ်း(၃၂)နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၀)နှင့်ဘိန်းဖြူ ၁၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂သိန်း)တို့အား ဖမ်းဆီးရမိသဖြင့် လောက်ခမ်း(ခ)အားခမ်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **မြဝတီ**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ်လ ၉ ရက်မှ မတ်လ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၈ ဒသမ ၄၅၅၈) တန်၊ သစ်မာ (၈ ဒသမ ၄၀၄၄) တန်၊ အခြား (၅၇ ဒသမ ၅၀၄၃)တန်၊ စုစုပေါင်း (၈၄ ဒသမ ၃၆၄၅)တန်၊ ယာဉ်/ယန္တရား (၁၂) စီး၊ တရားခံ (၁၆)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

**မြဝတီ**

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၁၈**

ယနေ့နံနက် ၁၀ နာရီ၊ ၅၃ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျွန်းလှမြို့၏ အနောက်မြောက်ဘက် ၃၂ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၈ ဒီဂရီ၊ အနက်၅၂ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

**PANN MYANMAR INTERNATIONAL COMPANY LIMITED**

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇)၊ အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ် မတ်လ(၁၈)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးမျိုးအောင်မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၆ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့မှစ၍ စာရင်းရှင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအားဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

U SHIN NYEIN (H.G.P.,LL.,B)
HIGH COURT ADVOCATE
INSOLVENCY PRACTITIONER(103594)
YANGON, MYANMAR, TEL.09-5043046

U Myo Aung
Managing Director
Pann Myanmar International Co.,Ltd.

**ကန့်ကွက်နိုင်ပါသည်**

Hari Dham Travel And Tour Co.,Ltd. အား ဒေါ်ဒေဝမ်သီ[၇/ကတခ(နိုင်)၀၇၅၃၈၃]မှ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဒေဝမ်သီမှာ ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဦးမြင့်သိန်း[၁၂/သဃက(နိုင်)၂၀၀၁၂၆]မှာ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Hari Dham Travel And Tour Co.,Ltd. အမည်အား Maruti9 Travel & Tours Co.,Ltd. ဟု ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ပါသည်။ ဦးမြင့်သိန်းမှ Maruti9 Travel & Tours Co.,Ltd. ၏ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ်ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

Hari Dham Travel And Tour Co.,Ltd.

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းကာအဘ ဦးမြင့်ဦး၏သမီး ၁၃/သပန(နိုင်)၀၆၂၀၃ ကိုင်ဆောင်သူ မမေမြင့်ချူနှင့် မမေမချူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မမေမြင့်ချူ(ခ)မမေမချူ

**ပျောက်ဆုံးကြောင်း**

စိုပြေအောင်(ဘ)ဦးမြင့်စိန် ၉/ခအဇ(နိုင်)၀၁၄၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

လယ်ဝေးမြို့နယ်၊ ပေပင်ကျေးရွာ ပေပင်ရွာဦးကျောင်းနေ ဦးပညာစာရ(ဘ) ဦးသန်းတင် ၅/ကလဝ(သ)၀၀၀၃၆၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၁၅၆၇၉၀၉

**ပျောက်ဆုံးကြောင်း**

ဇင်းကျိုက်မြို့နေ မောင်အောင်မွန်(ဘ)ဦးငွေသိန်း ၁၀/ပမန(နိုင်)၂၀၃၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 222333)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၇၉၉၉၂၂

**ROYAL ASIA MOTOR AUTO COMPANY LIMITED**

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)(၂)နှင့် ပုဒ်မ-၁၅၂(က)အရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁၁-၃-၂၀၂၆ ရက်တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ "ROYAL ASIA MOTOR AUTO COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဖြူဖြူငြိမ်း(Register No. 107190)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အားခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးသွင်းခြင်းနှင့် တောင်းခံခြင်းများပြုလုပ်ရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်း တင်ပြတောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ဖြူဖြူငြိမ်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

U AUNG Naing Soe
ဒါရိုက်တာ
ROYAL ASIA MOTOR AUTO COMPANY LIMITED

**ပျောက်ဆုံးကြောင်း**

စိုင်းမျိုင်(ဘ)ဦးဟော်ချီချန်း ၁၃/ပလတ(နိုင်)၀၁၂၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၉၀၃၉၆၂၀

**ပျောက်ဆုံးကြောင်း**

ဖူးဖူးမော်(ဘ)ဦးကျော်နိုင် ၆/ကသန(နိုင်)၀၉၉၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ခင်ဌေးဝင်း(ဘ)ဦးပေါ်မိုးလွင် ၁၃/ဖခန(နိုင်)၀၄၈၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၅၉၅၉၆၅၀

**ပျောက်ဆုံးကြောင်း**

ချယ်ရီဦး(ဘ)ဦးမြင့်လွင် ၁၂/အစန(နိုင်)၂၁၆၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

တင်လှဝင်း(ဘ)ဦးကျော်လှ ၁၃/ဖခန(နိုင်)၀၉၂၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ခင်မေလွင်(ဘ)ဦးမောင်မောင်ထွား ၉/အမရ(နိုင်)၀၄၈၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၃၅၉၅၃၁၀

**ပျောက်ဆုံးကြောင်း**

မြင့်စိန်(ဘ)ဦးမြည့်နု ၉/အမရ(နိုင်)၀၄၈၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၁၀၈၇၀

**ပျောက်ဆုံးကြောင်း**

ဝင်းကျိုက်ရပ်ကွက်နေ မြတ်နိုးခိုင်(ဘ)ဦးကျော်မြင့် ၅/မရန(နိုင်)၂၇၅၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 123456)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၇၉၉၉၂၂

**ပျောက်ဆုံးကြောင်း**

ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်(၇၆)နေ အေးအေးသိန်း(ဘ) ဦးထွန်းရင် ၁၀/မလမ(နိုင်)၀၂၃၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 294424)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၉၉၂၁၁၀

**VENUS CAPTIAL COMPANY LIMITED**

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)(၂)နှင့် ပုဒ်မ-၁၅၂(က)အရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁၃-၃-၂၀၂၆ ရက်တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ "VENUS CAPTIAL COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဖြူဖြူငြိမ်း(Register No. 107190)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အားခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးသွင်းခြင်းနှင့် တောင်းခံခြင်းများပြုလုပ်ရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်းတင်ပြတောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ဖြူဖြူငြိမ်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၂၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

U KYI FANG
အုပ်ချုပ်မှုဒါရိုက်တာ
VENUS CAPITAL COMPANY LIMITED

**ပျောက်ဆုံးကြောင်း**

အောင်မင်းထက်(ဘ)ကျော်စိန်သန်း ၅/ဖပန(နိုင်)၀၆၂၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၃၇၄၅၃၆၇

**ပျောက်ဆုံးကြောင်း**

နှင်းဝတ်ရည်ဖော်(ဘ)ဦးမြင့်ဖော် ၇/ပခတ(နိုင်)၀၉၉၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၆၇၁၉၃၈

**ပျောက်ဆုံးကြောင်း**

ရွှေစင်အေး(ဘ)ဦးမောင်လေး ၁၂/သဃက(နိုင်)၁၅၉၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မငွေးစုစ်(ဘ)ဦးကျော်ငြိမ်း ၁၂/ကမန(နိုင်)၁၃၄၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၃၃၉၂၉၄

**ပျောက်ဆုံးကြောင်း**

နွယ်နွယ်အောင်(ဘ)ဦးကံဌေး ၉/ပကတ(နိုင်)၀၇၃၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 575197)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

**ပျောက်ဆုံးကြောင်း**

ဝင်းတင့်(ဘ)ဦးမောင်လှိုင် ၁၂/စခန(နိုင်)၀၁၆၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၇၁၀၀၉၅

**ပျောက်ဆုံးကြောင်း**

သော်ထွန်းနိုင်(ဘ)ဦးကျော်မင်းလွင် ၁၂/ဒဂတ(နိုင်)၁၁၈၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဝေယံပိုင်(ဘ)ဦးစောလင်းအောင် ၉/မခန(နိုင်)၃၁၂၃၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 169216)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မေမီမီကို(ဘ)ဦးကျော်လွင်ဦး ၁၁/ဂမန(နိုင်)၀၄၁၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၇၈၉၀၇၇

**စာပေမြင့်မှ လူမျိုးတင့်မည်**


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGER COUNTER )(၀၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည် . . .

❖ ပညာရေးမှရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကိုဖြေရှင်းနိုင်စွမ်းကလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီးတွင် များစွာအထောက်အကူပြုသော ပင်ကိုအရည်အချင်းများပင်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ Jeng Phang နော်တောင်တို့အား ရွေးကောက်တင်မြှောက်

နေပြည်တော် မတ် ၁၈

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးသို့တက်ရောက်လာကြသည့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ခြင်းပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်မြင့်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူအား သဘာပတိအဖြစ် အဆိုတင်သွင်းပြီး စာမျက်နှာ ၁၆ ကော်လံ ၁ ●



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

# (၇)ကြိမ်မြောက် ချန်ပီယံဆု ရှမ်းယူနိုက်တက်အသင်းဆွတ်ခူး

ရန်ကုန် မတ် ၁၈

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂)ရာသီပိတ်နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ဟံသာဝတီယူနိုက်တက်အသင်းကိုအနိုင်ကစားပြီး ပွဲ(၁၀၀) ရှုံးပွဲမရှိ စံချိန်သစ်ဖြင့် (၇)ကြိမ်မြောက် ချန်ပီယံဆုကို ဆွတ်ခူးရရှိသွားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ▼



**နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကိုထိန်းသိမ်းစို့**

ဆောင်းပါး စာ - ၁၃ သို့

**၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့ သက်ဆိုင်ရာဘာသာရပ်များအား ဆက်လက်ဖြေဆို** စာ - ၂၇ သို့

Quality For You
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
Quality For You
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ရေချိုးခန်းသုံးပစ္စည်းများ
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉